

# ရုက္ခစိုးကြီးရယ်သနားတယ်
နှင့်
အခြားသောအပြုံမြင်ပုံပြင်ထူးများ
ရိုးရာပုံပြင်
ထွန်းအောင်ကျော်
(ရေးသားပြုစုသည်)

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် ၄ ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားလက်ဝယ်တွင်ရှိရေး၊

စာအုပ်စာတမ်း ကြိုတင်ခွင့်ပြုချက်အမှတ်
(၈၈၆/၂၀)(၁၂)
မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် (၉၈/၂၀)(၂)

ပုံနှိပ်ခြင်း --- ပထမအကြိမ်
၂၀၀၁-ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ - ၂၀၀၀
တန်ဖိုး - 500
မျက်နှာဖုံးသရုပ်[illegible]ဒိတ
စီစဉ်မှု - ထွန်းထွန်း(ရသေ့တောင်)
ကြီးကြပ် - အောင်ရွှေစံ
စာအုပ်ချုပ် - အောင်မြင်ရေး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးလှသောင်း
အောင်ဝင်းသိန်းပုံနှိပ်တိုက် (မြဲ-၀၄၃၁၆)
အမှတ်(၂၃)၊ မြရာကုန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
မောင်ရဲမြင့် (တက်လမ်းစာပေ)
(မြဲ-၀၁၀၄၉)
အမှတ်-၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊
ရန်ကုန်မြို့။

ထွဏ်းအောင်ကျော်

(ရေးသားပြုစုသည်)


# ရုက္ခစိုးကြီးရယ်သနားတယ်

နှင့်

## အခြားသောအပြုမြွင်ပုံပြင်ထူးများ


ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှက်ကျုပင်ပေါက်စာစဉ်ဖြန့်ပွားရေး

အမှတ်-၃၃၆၊ ၇-လမ်းသွယ်၊ ဗဟိုရ်လမ်းမ-အပိုင်း(၄)
ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ထွဏ်းအောင်ကျော် (ရေးသားပြုစုသည်)

ရုက္ခစိုးကြီးရယ်သနားတယ် နှင့် အခြားသောအပြုံမြင်ပုံပြင်ထူးများ

## မာတိကာ


အမှာ

၁။ အမေ့ရှေးစကား ........................ ၁

၂။ ပါပို့အကြောင်း ........................ ၇

၃။ ကြွက်ကိုဘယ်သူချုပ်ပါ့မယ် ............... ၁၅

၄။ မင်းဘယ်ပြေးမလဲငဖျင်းလေး ............ ၂၈

၅။ ရုက္ခစိုးကြီးရယ်သနားတယ် ............... ၃၈

၆။ ဇောစိတ်ဟာ လူမှာအဓိကပဲ ............. ၄၉

၇။ ကျေးဇူးကန်းကို မလိုချင်ဘူး ............. ၅၈

၈။ အပြုံစိတ်ထားကိုယ်စီပွား ............... ၆၈

၉။ ပြောမယ့်ကြုံမှသိမယ် .................. ၇၇

၁၀။ ဘာလဲဟဲ့လောကဓံ .................. ၈၀

၁၁။ ရှာစားကြီးနဲ့မင်းသုံးဆောင် ............... ၉၀

၁၂။ မေတ္တာရောင်ပြန် ..................... ၉၇

၁၃။ ဉာဏ်ရည်ပြိုင်ပွဲအနိုင်နွဲ ................ ၉၈

၁၄။ နိမ့်ပါးတဲ့အခါညာတာပါ ............... ၁၀၃

## အမှာ

မီးလုံးကြီးတစ်လုံး နောက်ကနေလိုက်နေတယ်ဆိုပြီး ကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေးနေခဲ့တယ်။ အမှန်တော့ ကိုယ်သွားရာလမ်းကို မီးမောင်းထိုးပြနေတာပါလားဆိုတာကို နောက်မှသိရတယ်။

(ဆရာတော်ဦးဇောတိက)

မိမိပုံပြင်တွေကို စုဆောင်းတင်ပြဖြစ်ပါတယ်။ ပုံပြင်ဆိုတာဟာ စာပေရေးသားတင်ပြမှုပိုင်းမှာ အရမ်းကိုလွတ်လပ်မှုရှိတဲ့ ရသစာပေတစ်ခုပါ။

မြေလျှိုးလျှိုး မိုးပျံပျံ စကြဝဠာအနှံ့ ချက်ခြင်းခြေဆန့်လို့ရတယ်ဆိုတာမျိုးပါပဲ။

ကိုယ်ပြောချင်တာက အဓိကပါ။ ဒီရည်ရွယ်ချက်ရောက်ဖို့ ပြောချင်ရာ ရေးချင်ရာ ရေးလို့လည်းရပါတယ်။ သစ်ပင်လဲ စကားပြောလို့ရတယ်။ စာရေးသူကလဲ ပြောချင်ရာ ဝင်ပြောလို့ရတယ်။

နားထဲမှာလဲ ကြားချင်ရာကြားလို့ရပါတယ်။ ဆိုချင်ရာဆိုလို့ရပါတယ်ဆိုတာပါပဲ။

မိမိပုံပြင်ကို ကြိုက်နှစ်သက်ပါတယ်။ အများစုကလဲ ဘယ်သူမဆို ပုံပြင်ကို ကြိုက်နှစ်သက်ကြမှာပါ။ စာတတ်သူရော စာမတတ်သူပါ တနည်းနည်းနဲ့ မိဘဘိုးဘွားတွေဆီက ကြားနာရတဲ့ ပုံပြင်တွေနဲ့ ကြီးပြင်းလူလားမြောက်ခဲ့သူတွေ များကြမှာပါ။

ဒီလိုပဲ မကြားချင်အဆုံး ရွာခလေးတွေ ရပ်ခလေးတွေအကြောင်းအရာပုံပြင်တွေ၊ ဟိုလူ့အကြောင်း ဒီလူ့အကြောင်းဖြစ်ကြောင်းစုံလင် ပုံပြင်တွေ၊ ဒါထက်ကောင်းတာက အများအကျိုး သယ်ပိုးသူတွေ အနစ်နာခံသူတွေ စွန့်စားသူတွေရဲ့ အားမာန်တက်ကြွစရာ ပုံပြင်တွေပါပဲ။

ခုပုံပြင်တွေကို စုစည်းရတာကလဲ . . .

ဘဝခရီးမှာ အခက်အခဲတွေ့တိုင်း အားမငယ်ဖို့ နောက်မတွန့်ဖို့ ပန်းတိုင်မသွေဖီဖို့အရေး အားပေးလိုတာပါ။

အဓိကက စိတ်ကောင်းစေတနာရှိဖို့ပါ။

မူလစိတ်ရင်း စေတနာ မပျက်ဖို့ပါ။

လောကမှာ၊ ဘဝမှာ၊ ရုန်းကန်သူ ကြိုးစားသူ ရှေ့တက်လှမ်းသူတစ်ယောက်အဖို့ရာမှာ ဒုက္ခအခက်အခဲဆိုတာ ကြုံရမှာပါ။ အဲဒါနဲ့ ပတ်သတ်ပြီးတော့ တင်ပြလိုတာကတော့ -

“ ဒုက္ခဆိုတာ ကိုယ်သွားနေတဲ့လမ်းကို မီးမောင်းထိုးပြလိုက်တာပါဆိုတာပါ ”

**ဆရာတော်ဦးဇောတိက**
**(မဟာမြိုင်တောရ)**

ooo

## ၁။ အဖေ့ရှေးစကား

သူတို့ဘိုးဘိုးဘွားဘွားတွေတောင် မမွေးခဲ့သေးတဲ့ ကာလကပဲ ဖြစ်ပါတယ်။

ငှက်နဲ့ ပိတုန်းတို့ဟာ မောင်နှမလို့ဆိုကြပါတယ်။ ငှက်က အစ်ကို၊ ပိတုန်းက ညီမလို့ ဆိုကြပါတယ်။

တစ်ဖအေတည်း တစ်မအေတည်းက မွေးဖွားခဲ့ပါတယ်။ တစ်အူထုံ့ဆင်း မောင်နှမရင်းတွေပဲပေါ့လေ။

ငယ်ရွယ်စဉ်ကာလမှာ သူတို့ကို မိခင်ဖြစ်သူက အစားအစာတွေ ကျွေးခဲ့ပါတယ်။

မိခင်ရဲ့ အရိပ်အောက်မှာ သက်သောင့်သက်သာ နေနိုင်ခဲ့ရပါတယ်။

အဲဒီလိုနဲ့ အရွယ်ရောက်ကြီးပြင်းလာတဲ့အခါမှာတော့ ဒီမောင်နှမဟာ မိခင်အိမ်က ထွက်ခွာလာခဲ့ကြပါတော့တယ်။

ငှက်ကတော့ သစ်ပင်ပေါ်မှာ ကျင်လည်ကျက်စား သွားလာ နေထိုင်ခဲ့ပါတယ်။

ပိတုန်းကတော့ လယ်ကွင်းနဲ့ တောတောင်တွေထဲမှာ ပန်းဝတ်ရည် စုပ်ယူပြီး ဝါးလုံးခေါင်းထဲမှာ အုံဖွဲ့တည်ဆောက် သက်မွေးဝမ်းကျောင်းပြု ဘဝ မျိုးဆက်ရှင်သန်စေခဲ့ပါတယ်။

တစ်နေ့တုန်းခါမှာတော့ ငှက်ဟာ အသိုက်တစ်ခုကို လုပ်ရင်း သူ့ရဲ့အသိုက်နံဘေးမှာ ထိုင်နေခဲ့ပါတယ်။

သူ့အသိုက်အိမ်ဟာ နွေကာလ မိုးတိမ်တိုက်လိုပေါ့ပါး ပါတယ်။ မိုးဦးသစ်ရွက်တွေလိုလဲ နူးညံ့တယ်ဆိုပါတယ်။ နွေဦး ကာလ မြက်ခင်းကလေးတွေကို စိမ်းလဲ့တောက်ပလို့ပါပဲ။

အဲဒီတုန်းမှာပဲ ရုတ်တရက်ဆိုသလိုပဲ ပုစဉ်းကောင်လေး တစ်ကောင် ပျံသန်းလာခဲ့တယ်။

သူ့ခမျာ နေ့ရက်တွေအကြာကြီး ခရီးထွက်ပျံသန်းခဲ့ရ တယ်။ အသက်ရှူတောင် မမှန်ချင်ဘူး မောနေရှာတယ်။

" ကဲ ကိုရွှေငှက်ကိုယ်နဲ့သာ မြန်မြန်လိုက်ခဲ့ပေတော့ " ပုစဉ်းကောင်လေးက အမောတကော ပြောလာပါတယ်။

ကိုရွှေငှက် ငေးကြောင်နေတော့ . . .

" ဟုတ်တယ်၊ ခင်ဗျားအမေတော့ အတော့်ကို မမာ မကျန်းဖြစ်နေပြီ၊ သူ့ဆန္ဒကတော့ မသေခင်မှာ သူ့ကလေးတွေနဲ့ ဆုံချင်တာပါပဲ၊ ခင်ဗျားနဲ့ ညီမ ပိတုန်းလေးကိုပဲပေါ့ဗျာ၊ ကဲ ကျွန်တော်နဲ့ အတူလိုက်ခဲ့ပါ၊ လမ်းပြပြီး ခေါ်ဆောင်သွားမယ်၊ တွေးမနေနဲ့တော့ "

ဒါပေမဲ့ ငှက်ကလေးဟာ လှုပ်တောင် မလှုပ်ဘူး၊ အေး စက်စက်နဲ့ တုံ့ပြန်လိုက်တာက -

" အမေဟာ သူ့အို တစ်ယောက်ပါပဲ၊ အမေသေမယ် ဆိုတာ ခင်ဗျား ဘယ်လိုသိလဲ၊ သူက ဒီလိုပါပဲ၊ အဆင်မသင့်ရင် ညည်းလိုက်အော်လိုက် ဖြစ်တတ်တာပါပဲ၊ အာဂန္တုဖျား ဖျားတတ်တာပါပဲ၊ ပြီးတော့လဲ ကောင်းသွားတာပါပဲ၊ ဒီကိစ္စအတွက်တော့ ကျုပ်အလုပ်တွေကို မထားနိုင်ခဲ့ဘူးဗျ၊ တကယ်လို့ ခင်ဗျားက အမေသေမယ်လို့ အတတ်ပြောနိုင်ဦးတော့၊ ဒါဟာ သဘာ်ရ သဘောပါပဲ မထူးဆန်းပါဘူးဗျ "

သူ့စကားကြားတော့ ပုစဉ်းကောင်လေးဟာ အတော့်ကို စိတ်မကောင်းဖြစ်နေရှာပါတယ်။

စိတ်ဆိုး ဒေါသလဲ ဖြစ်သွားရပါတယ်။

" ကျုပ် အလုပ်ရှုပ်နေတယ်၊ မအားဘူးလို့သာ ပြော လိုက်ပါဗျာ၊ ကျွန်တော့် အလုပ်က မစောင့်နိုင်ဘူးဗျ "

ငှက်ငယ်က ဆက်ပြောပါတယ်။

"ဘယ်လိုပဲ ဖြစ်ဖြစ်ဗျာ၊ ကျွန်တော်မရှိလည်း အမေ ကတော့ အေးအေးဆေးဆေး သေနိုင်တာပဲ၊ ကဲ ခင်ဗျား ပြန်ပါ တော့ဗျာ၊ ကျုပ်ကို အနှောင့်အယှက် မပေးပါနဲ့တော့ ခင်ဗျား ကျုပ်ရဲ့ အချိန်တွေကို ဖြုန်းတီးပစ်နေတာများပြီဗျာ၊ ကဲ သွား မယ့်သာ သွားပါတော့ "

အဲသလိုပြောပြီးတော့ ငှက်ငယ်ဟာ မြေကမ္ဘာပေါ်မှာ အကောင်းဆုံး အသိုက်အမြုံကြီးဖြစ်ဖို့ကို ဆက်လုပ်နေပါတော့ တယ်။

ဒီတော့ ပုစဉ်းကောင်လေးဟာ ပျံထွက်သွားခဲ့ပါသတဲ့။ ပိတုန်းမလေးကို ရှာရဦးမယ်လေ။

ဒီလိုနဲ့ ပုစဉ်းကောင်လေးဟာ ပိတုန်းမလေးဆီ ရောက်ခဲ့ရပါတော့တယ်။ ပိတုန်းမလေးဟာ သူ့အမေ သေကောင်ပေါင်းလဲ ဖြစ်နေတာလဲသိရော တုန်လှုပ်ပူဆွေးသွားခဲ့ပါတယ်။

သတိလစ်ပြီး မေ့သွားတယ်။ ဒါကြောင့် ပုစဉ်းလေးက ဖေးမပြုစုပေးရရှာတယ်။

ဒီလိုနဲ့ ပိတုန်မလေး သတိပြန်ရတော့ သူတို့ ခရီးထွက်ခဲ့ကြတယ်။ ပိတုန်းမလေးက သူ့တောင်ပံကို အားသွန်ခွန်စိုက် ခတ်ရင်းနဲ့ပဲပေါ့လေ။

သူကလေးဟာ အမြန်ဆုံးနှုန်းနဲ့ ပျံသန်းနေတာ သိပ်စိတ်ပူနေရှာတာကိုး -

သူ့အမေကို တွေ့ရအောင်ဆိုတဲ့ဇောနဲ့ တအားပျံသန်းနေတယ်။ ပုစဉ်းလေးကို ကျော်တက်ပြီး ပျံသန်းသွားခဲ့တယ်။

သူ့ရဲ့အမေအိုကြီးကတော့ အိပ်ရာထဲမှာပဲပေါ့။

သူ့သမီးလေးကို မြင်ရတော့ အရမ်း ဝမ်းသာသွားရှာတယ်။ သမီးလေးကို နမ်းပြီးတော့ ဖျော့တော့တဲ့လေသံနဲ့ ပြောရှာတာက -

" သမီးငယ်လေးရယ် ဝမ်းသာလိုက်တာ၊ သမီးလေး အမေ့ကို ချစ်သလို သမီးရဲ့ သားသမီးတွေကလည်း သမီးကို ချစ်ကြပါစေ၊ ဟောဒီမြက်ခင်းတွေထဲမှာ မြက်ပင်တွေပေါ်များသလို ပိတုန်းရဲ့ သားသမီးတွေ အခြံအရံနဲ့ နေနိုင်ပါစေ၊ ကမ်းစပ်

မှာ သဲပွင့်တွေ ပေါများသလိုပဲ၊ သစ်ပင်ပေါ်မှာ သစ်ရွက်တွေ များသလို အခြံအရံ တွေပေါများပါစေ၊ မေလအခါမှာ ပန်းပွင့်တွေက သမီးကို အပြုံးနဲ့နှုတ်ဆက်သလို ရွှင်လန်းနိုင်ပါစေ၊ ဝတ်မှုံဝတ်ရည်တွေနဲ့ ဧည့်ခံကျွေးမွေးနိုင်ပါစေ၊ ပိတုန်းလေးရဲ့ ဝတ်ရည်အတွက် လူတွေက သမီးလေးကို ချစ်ခင် ဖန်တီးနိုင်ကြပါစေ၊ သမီးလေးရဲ့ ရှာဖွေရမှုက အလွယ်ကူဆုံးဖြစ်ပါစေကွယ် "

အဲဒီဆုမွန်စကားတွေကို မိခင်ကြီးက သမီးလေးအတွက် ပြောရှာတယ်။

သူ့သားငှက်ကိုတော့ သူတွေ့ခွင့်မရနိုင်တော့ဘူးဆိုတာ သူသိရှာပါတယ်။

သူမသေခင်မှာ နူးညံ့ချိုသာပြောပြန်တာက -

" ငါ့သားလူမိုက်ကြီးကတော့ အထီးကျန်နေပါစေ၊ သူ့အသိုက်နဲ့သူ အလုပ်ရှုပ်နေပါစေ၊ သူလုပ်သမျှဟာလည်း အသုံးမဝင် အချည်းနှီးဖြစ်ပါစေ၊ လူတိုင်းကိုလည်း ပျော်ရွှင်အောင်လုပ်မပေးနိုင်ပါစေနဲ့၊ လူတိုင်းက သူ့အသိုက်ကို အမြင်ကတ်ပြီး ကျိန်ဆဲပါစေ၊ ယင်ကောင်တွေကတောင် သူ့ကို မုန်းတီးပါစေ၊ ဒါဟာ ကျိန်စာမဟုတ်ဘူး၊ အမေတစ်ယောက်အပေါ်မှာ မသိတတ်ကြသူတွေအတွက် သင်ခန်းစာရယူနိုင်ဖို့ရာ အမေ ပြောခဲ့တဲ့ပြစ်ဒဏ်ပဲဖြစ်ပါတယ် "

အဲသလိုပြောဆိုရေရွတ်ရင်းနဲ့ အမေဟာ ကွယ်လွန်သွားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီးတော့ ပိတုန်းတွေအများစုဟာ တစ်စုတစည်းတည်းနေကြရသတဲ့။ တစ်အုပ်တစ်စုတည်း ပျံသန်း

သွားလာကြပြီး သစ်သီးသစ်ပင်တွေရှိရာမှာ စုဝေးစားသောက်နေကြရတယ်။

ပျော်ရွှင်ဖို့ကောင်းလှတယ်။ လူတွေကလည်း ပိတုန်းတွေကို ချစ်ခင်ကြတယ်ဆိုတယ်။

ငှက်တွေတချို့ကတော့ ဘာမျှမကောင်းဘူး။ အမြဲတန်း အမြဲပဲ တစ်ကောင်တည်းနေရသတဲ့။

အဲသလိုနေရတော့ ချောင်ကြိုချောင်ကြား ထောင့်စွန်းမှာ လူတွေဆို အဲဒီငှက်တွေမြင်တာနဲ့ အရမ်းအမြင်ကပ်သတဲ့။ အမွေးတွေဆွဲဖြုတ်ပြီး မောင်းထုတ်တာခံနေရသတဲ့။

ဆိုးတာက ငှက်ဆိုးတဲ့။ ဇီးကွက်ငှက်တွေဆို လူတွေက အရမ်းမုန်းပဲ မဟုတ်လား။ ကြောက်လိုကြောက်ပေါ့လေ။

ဒီလိုမဟုတ်ရင် သူ့ကိုဖမ်းပြီးသတ်ပစ်ရောတဲ့။ ဒါကြောင့် အမေအိုကြီးရဲ့ စကားဟာ သိပ်ကို မှန်တာပေါ့ကွယ်။

ကလေးတွေ အမေ့ကိုချစ်ပြီး အမေ့စကား နားထောင်ကြစေရေးပါ။

ooo

## ၂။ ပါပီအကြောင်း

တရံရောအခါကဖြစ်ပါတယ်။

ခွေးတစ်ကောင် မြင်းတစ်ကောင်နဲ့ ဝက်တစ်ကောင်တို့ ရှိကြသတဲ့။ သူတို့ဟာ တစ်ကောင်နဲ့တစ်ကောင် သိပ်ခင်ကြပြီး မြေကွက်တစ်နေရာမှာ အတူနေကြရှာတယ်။

သူတို့ဟာ သွားအတူ လာအတူပေါ့။ စားစရာရှိရင်လဲ အညီအမျှ ခွဲဝေစားကြသတဲ့။

တစ်ကောင်ဟာ တခြားနှစ်ကောင်မသိဘဲ တစ်ကိုက်ကလေး တစ်လုပ်ကလေးတောင်မှ မစားခဲ့ပါဘူးဆိုတယ်။

သို့ပေမဲ့ ခွေးကလေးပါပီကတော့ အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ။ သူက ခွေးဆိုးကလေးပါပဲ၊ တကယ့်ကို မကောင်းဆိုးရွားလေးပါပဲ။

သူမြင်သမျှအရာတွေကို သူဟာဘယ်တော့မှ အလွတ်မပေးခဲ့ဘူး။ တစ်ခုခုတော့ လုပ်လိုက်ရမှ ဆိုသူပဲ ဖြစ်ပါတယ်။

တစ်နေ့တော့ ခွေးကလေးဟာ ရှိုက်ကြီးတစ်ငင်ငိုပြီး အိမ်ကို ပြန်လာခဲ့ပါတယ်။

သူ့သူငယ်ချင်းတွေဖြစ်တဲ့ မြင်းနဲ့ ဝက်တို့က စိတ်ပူသွားကြပါတယ်။

ရေငုံမနေနိုင်ခဲ့ကြဘူး။ ဆီးမေးကြပါတယ်။

" သူငယ်ချင်း မင်းဘာဖြစ်လို့ ငိုလာရတာလဲကွ၊ ပြီးတော့ မင်းခြေတစ်ဘက် ထော့ကျိုးထော့ကျိုးနဲ့ ဘာဖြစ်လာတာတုံး "

အဲဒီအခါမှာ ခွေးကလေးက -

" ငါ ဘယ်လိုလုပ် မငိုဘဲနေနိုင်မလဲကွ၊ မိန်းမကြီး တစ်ယောက်က ငါ့နားရွက်ဆွဲပြီး ရိုက်တယ်ကွ၊ ငါ့ခြေထောက် တစ်ဘက်ကိုလည်း ချိုးပစ်တယ်ကွ သိလား ဟင်း၊ အဆိုးဆုံးက တော့ ဒီမိန်းမကြီးက ငါ့ကို လည်ပင်းညှစ်သတ်ဖို့လုပ်တယ်ကွ၊ တကယ်ပဲ ဟင်း ... " အဲသလို အမောတကော ပြန်ပြောလိုက်တယ်။

" အဲဒီလို လုပ်အောင် မင်းက ဘာသွားလုပ်မှန်းမှ မသိတာ "

" ဟာကွာ ဘာမှမလုပ်ပါဘူး၊ ဒါ မတော်တဆ ဖြစ်မိတာပါ၊ သူ့ဇလုံထဲက အစာနည်းနည်းကို စားမိလို့ကွ "

" ဒါလေးများကွာ " လို့ ဝက်ကပြောပါတယ်။

ဒါပေမဲ့ ခွေးကလေးကတော့ ဆက်ပြီးငိုနေတာပဲ။

" ပြီးတော့ မိန်းမကြီးက ငါ့ကို ရိုက်ပြီးပြောသေးတယ်၊ ငါ့သမက် ပြန်လာတဲ့အခါ စားဖို့ဟာတွေ မရှိတော့ဘူးတဲ့၊ ငါလုပ်နိုင်တဲ့အရာကတော့ မြင်းနဲ့ ဝက်ကို သတ်ပြီး ဟင်းချက်စားဖို့တဲ့ကွ၊ ဟီး ... ဟီး ... "

" မင်းဟာ အရူးပဲကွ၊ ဦးနှောက်မရှိဘူးလား၊ ဒီလိုဖြစ်အောင် မင်းကဘာလို့ လုပ်ရတာလဲ၊ ဒါဟာ မင်းကြောင့်ပဲကွ " ပြောပြီး အပြစ်တင်ရှာသတဲ့။

ခုတော့ သူတို့ဟာ သိပ်ကိုစိုးရိမ်လို့နေကြတာပေါ့။ သူတို့ကြုံတွေ့ရမယ့် ဒုက္ခ သုက္ခတွေက လွတ်အောင် ဘယ်လို ရှောင်ရှားကြရမလဲဆိုတာ စဉ်းစားနေကြရှာသတဲ့။

နောက်ဆုံးတော့ သူတို့သုံးယောက်စလုံး ဒီကထွက်ပြေးကြဖို့ ဆုံးဖြတ်လိုက်ကြပါတယ်ဆိုတယ်။

အဲဒီ မိန်းမကြီးဟာ ခြံတခါးပိတ်ဖို့ မေ့နေတဲ့ကာလ။ တံခါးပွင့်မှုရဲ့ အဲဒီအခွင့်သာမှု တစ်ခုကြုံတဲ့အခါမှာတော့ သူတို့ဟာ ထွက်ပြေးခဲ့ကြပါတယ်ဆိုတယ်။

သူတို့သုံးကောင်ဟာ အဝေးဆီသို့ အကြာကြီးပြေးခဲ့ကြတယ်။ ကြာတော့ မောလည်းအတော်လေးမောနေခဲ့ကြပါပြီလေ။

သူတို့ဟာ ရိတ်သိမ်းပြီးစ စပါးခင်းနံဘေးမှာ တစ်ညလောက် ရပ်နားဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

အဲဒီမှာ ကောက်ရိုးပုံကြီးတွေက မျှော်စင်ကြီးတွေလို (ဟီး လို့) ဟိန်းလို့ပါပဲ။

ညဥ့်ကလဲ မှောင်သထက်မှောင်၊ အေးသထက်အရမ်းကို အေးရှာသတဲ့။

သူတို့ ဘယ်လိုမီးဖိုကြမလဲ၊ ခွေးကလေးက သစ်ခေါက် တချို့ ကိုက်ချီယူလာခဲ့ပါတယ်။

သူက ဉာဏ်ခပ်များများကိုး၊ ယူလာတဲ့သစ်ခေါက်တချို့က မြင်းရဲ့ကိုယ်မှာ ပတ်ပြီးချည်သတဲ့။

သစ်ခေါက်ဖတ်တချို့က ရှေ့ခေါင်းပေါ်မှာကျလို့ပေါ့။ ခွေးကလေးက သူငယ်ချင်းမြင်းနဲ့ ဝက်ကို ခေါင်းချင်းဆိုင်ဆောင့်ဖို့ ခိုင်းလိုက်ပါတယ်။

မြင်းနဲ့ ဝက်ကတော့ ဘာမှကိုမစဉ်းစားတော့ပါဘူး။ ဆောင့်ဆို ဒုန်းကနဲ ဆောင့်ထည့်လိုက်ကြပါတော့တယ်။

ဆောင့်ပြီးမြင်းနဲ့ ဝက်ဟာ မူးဝေပြီးတော့ ကြယ်တွေလတွေ မြင်ကုန်လိုက်ကြရော။ ဝက်ခေါင်းက သစ်ခေါက်တွေက ဖြုန်းကနဲဆို မီးထလို့တောက်ပါလေရော။

" ကဲ ဘယ်လောက်ပိုင်လိုက်သလဲ ဟာ ဟာ ဟ " အဲသလို ခွေးကလေးက သဘောကျလို့ပဲ။

" အခုဆို တို့ အေးမှာချမ်းမှာ မကြောက်ရတော့ဘူး မီးဖိုလို့ရပြီပဲ "

ခွေးကလေးဟာ တွေဝေမနေဘူး။ မီးစွဲနေတဲ့ ဝက်ခေါင်းက သစ်ခေါက်ကိုဖြုတ်ယူပြီး ကောက်ရိုးပုံနဲ့ မီးကိုဖိုလိုက်တယ်။

" ကဲ ဘယ်လောက်ပိုင်လိုက်ပါသလဲ "

ဒီလိုနဲ့ မီးလဲရရော သူတို့သုံးဦးဟာ မီးဖိုဘေးနားမှာ ကိုယ်စီထိုင်ပြီး မီးလှုံကြပါတယ်။

ဒီလိုနဲ့ မီးလှုံလို့ မကြာလိုက်ပါဘူး။ မဖိတ်ခေါ်ပါဘဲနဲ့ ကြံ့ကြီးတစ်ကောင် သူတို့ဆီ ရောက်လာပါတယ်။

" ငါ့ကို မင်းတို့မီးဖိုဘေးမှာ မီးလှုံခွင့်ပြုပါကွာ၊ ငါအနွေး ဓါတ်ကလေးနဲ့ နားနေချင်လို့ပါပဲ၊ ငါဟာ သိပ်လဲနေကောင်းတာ မဟုတ်လို့ပါကွာ "

အဲဒီလို ကြွံကြီးက ပြောပါတယ်။

အဲဒီအခါမှာ ခွေးအလည်ပါပီက -

" ခင်ဗျားကို ကြိုဆိုပါတယ်၊ ဦးကြွံ ခင်ဗျား ဘယ်က လှည့်လာတာတုံးဗျ " လို့ ပြောရှာပါတယ်။

အဲဒီအခါမှာ ကြွံကြီးက -

" နယ်မြေသစ်တွေကြည့်ဖို့ စားကျက်ရှာရင်း သွားခဲ့တာ ပါဗျာ "

ကြွံကြီးက ပြောရှာပါတယ်။

" အဲဒီရွာသားတွေဟာ ကျုပ်ကို ဝိုင်းရိုက်ကြလို့ ကျုပ် မှာဖြင့် မနည်းပြေးလာခဲ့ရတာပဲဗျ၊ ကျုပ်အဖြစ်ကတော့ ဒါပါပဲ ကွာ "

ကြွံကြီးက စိတ်ကိုတည်တည်ငြိမ်ငြိမ်အနေနဲ့ထား ပြောပြ ရှာပါတယ်။

အဲဒီလို ဖြစ်ကြောင်းကုန်စင်ကို ဇာတ်ကြောင်းပြန် ပြောပြ ရှာပါတယ်။ ဒီလိုနဲ့ သူတို့တတွေဟာ အတူတကွ မီးလှုံကြပါတယ်။ မြင်းနဲ့ ဝက်ကတော့ မီးဖိုဘေးမှာပဲနေကြတယ်။ ခွေးကတော့ ကောက်ရိုးပုံပေါ် တက်နေလိုက်တယ်။

နောက်ရောက်လာတဲ့ ဧည့်သည်ကြွံကြီးဟာ အိပ်ပျော်လို့ သွားခဲ့ပါရောလား။

မြင်းနဲ့ ဝက်ကတော့ အိပ်ငိုက်လို့ပါပဲ။ ဟိုကလှုပ်ရှားနေတဲ့ ခွေးကလေးပါပီကပဲ မအိပ်တာ။

ခွေကလေးဟာ ဟိုကြည့်လိုက် ဒီကြည့်လိုက်ပေ့ါ။ အရာရာကို သူက မြင်လို့နေတယ်။ ဒီတုန်းခွေးဟာ ချေတစ်အုပ်နဲ့ သမင်တစ်ကောင် မီးဖိုဆီ တူရူပြုလာနေတာ တွေ့လိုက်ရပါတယ်။

" ဟော့ မင်းတို့ ဘယ်သူတွေလဲကွ "

သမင်က မြင်းနဲ့ ဝက်ကို မေးလိုက်ပါတယ်။ ပြီးတော့-

" တို့အထဲမှာ ဘယ်သူစွမ်းသလဲဆိုတာ စမ်းကြည့်ရအောင်ပါ " တဲ့။ ဆိုင်းမဆင့် ဗုံမဆင့် စိန်ခေါ်လာတယ်။ မြင်းနဲ့ ဝက်တို့က ကြောက်လို့နေကြပါတယ်။ အသံကို တိတ်လို့ပဲ ဒါပေမဲ့ ခွေးကလေးကတော့ ဘယ်ရလိမ့်မလဲ။

" ဟော့ သမင်၊ ခင်ဗျားကတော့ အားလုံးရဲ့ ဘုရင်ပေါ့ ဟုတ်လား၊ ခင်ဗျားဘာသာ သမင်တွေရဲ့ ဘုရင်ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်၊ ခု ကျွန်တော်တို့ရဲ့အကြီးအမှူး စိတ်ဆိုးအောင်တော့ မလုပ်ပါနဲ့၊ သူစိတ်ဆိုးရင် မလွယ်ဘူးနော် "

" ဟင် . . . မင်းက "

" ဟုတ်တယ်၊ သူ ဒေါသထွက်လာလို့ကတော့ ဘယ်သူ့ကိုမှ ချမ်းသာပေးမှာမဟုတ်ဘူး သိလား၊ သူ့မုတ်ဆိတ်တွေကို ခင်ဗျား မြင်တယ်မဟုတ်လား၊ ဒါ သူ့အင်အားတွေဗျ အဲဒီ မုတ်ဆိတ်တွေနဲ့ ဘယ်သတ္တဝါကိုမဆို သတ်ပစ်နိုင်တယ်၊ သူ့ချိုက သတ်ပြီးတဲ့ သတ္တဝါတွေကို အရေခွံခွာဖို့ပဲ အသုံးပြုတာ၊ ခင်ဗျား

သူ့ကို တလေးတစားဆက်ဆံတာပဲ ကောင်းလိမ့်မယ်၊ သူ့ကို မဆိုထားနဲ့ ဟောဒီကောက်ရိုးပုံထဲက အိပ်နေတဲ့ သူညီ အငယ်ဆုံး နဲ့ပဲ ယှဉ်ပြိုင်ကြည့်စမ်းပါဦး "

ခွေးကလေးက မှင်သေသေနဲ့ ကြွက်ကြီးနဲ့ တိုက်ခိုက်ကြ အောင် ပြောလိုက်တယ်။

သမင်ကလည်း ယုံသွားတယ်။ သမင်ဟာ ဝက်ကို အလေးပြုပြီးတော့ သမင်ကြီးကို ဝိုင်းလိုက်သတဲ့။

ပြီးတော့ သမင်ကြီးအပေါ် ခုန်အုပ်ပြီးတော့ တိုက်ခိုက်ပါ လေရော။

သမင်ကြီးက တော်တော်ဒေါကထွက်သွားတယ်။ ကြွက်ကြီး ကိုတော့ သူ့ရဲ့ခွန်အားတွေနဲ့ နှိမ်နင်းပစ်တယ်။

သမင်ဟာ အတော့်ကို အထိနာသွားတယ်။ ငယ်သံပါ အောင်အော်ပြီးတော့ ကောက်ရိုးပုံကနေ ပြေးထွက်သွားကြရ သတဲ့လေ။ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကို ကျလို့ပါပဲ။

အဲဒီလို ကြွက်ကြီးက သမင်ကို တစ်ခဏအတွင်း တိုက်ခိုက် နေချိန်မှာပဲ မြင်းနဲ့ ဝက်က ခွေးတလေးပါပီကို ခေါ်ပြီးတော့ နေရာက ပြေးရတယ်။

ဘယ်ရယ်လို့ဦးတည်ချက်မရှိဘူး။ ခြေဦးတည့်ရာ ပြေးကြ တာပဲ။ ဖြစ်ချင်တော့ သူတို့ ကံကောင်းစွာ အိမ်ပြန်ရောက်လို့ သွားခဲ့ပါရော။

" ဟော့ ရပ်ကြဦး၊ ထင်ရာစွပ်ပြေးနေလို့ မဖြစ်သေးဘူးကွ၊ ရပ်ကြပါဦး၊ အမောဆို့ပြီး သေကြရဦးမယ်ကွ "

သူတို့တွေဟာ မောမောနဲ့အော်ပြောကြပါသတဲ့။ ဒီလိုနဲ့ သူတို့ရပ်လိုက်တော့မှ သူတို့တွေဟာ သူတို့ရဲ့ မူလနေအိမ်ဆီ ပြန်ရောက်နေတာ သိလိုက်ရတယ်။

ဒီအခါမှာ မြင်းနဲ့ဝက်ဟာ မိန်းမကြီးက သတ်မယ်ပြောခဲ့တာသတိရပြီး ကြောက်ဒူးတွေတုန်လို့ပါပဲတဲ့။

ဒီတုန်း သူတို့အိမ်ရဲ့ ခင်ပွန်းယောကျ်ားကြီးနဲ့ ဇနီးသည်က ရောက်လာပါရော။ လင်သည်နဲ့ ဇနီးသည်က အိမ်ပြန်ရောက်လာတဲ့ မြင်းနဲ့ ဝက်တို့ကို ကြည့်ပြီးသဘောကျကြသတဲ့။

ဒါပေမဲ့ ခွေးကလေးပါပီကို မြင်တော့ အဘိုးအိုနဲ့ အဘွားအိုဟာ အတော်စိတ်တိုသွားကြတယ်။

မဟုတ်တရုတ်လုပ်တတ်တဲ့ ခွေးကလေးကို မှတ်လောက်အောင်ဆိုပြီးတော့ တုတ်နဲ့ရိုက်တယ်။

ခုတော့ ခွေးကလေးခမျာမှာတော့ ပြေးပြီးရင်းပြေးရင်းနဲ့သာ ဘဝမှာ နေရရှာပါသတဲ့ကွယ်။

မလိမ္မာ မယဉ်ကျေးတဲ့ ခွေးကလေးဟာတော့ ခုထိ ပြေးဘုန်းလွှားတုန်း ရှောင်တုန်းပုန်းတုန်းပဲ ဆိုထားခဲ့ကြပါတယ်။

" လမ်းမှားနေတဲ့သူဟာ မြန်မြန်သွားလေလေ လိုရာ ...န်းတိုင်နဲ့ ဝေးလေလေ။

**(ဆရာတော်ဦးဇောတိက)**

(မဟာမြိုင်တောရ)

ooo

## ၃။ ကြွက်ကို ဘယ်သူချုပ်ပါ့မယ်

ဈေးရဲတဲ့မျက်လုံးကြီးအစုံနဲ့ ကြွက်နက်ကြီးတစ်ကောင် ရှိပါတယ်။ သူ့ကို ငနက်ခေါ်ကြတယ်။

သူ့အမွေးတွေက အနက်ရောင်ရှိနေလို့ ငနက်ခေါ်ကြတာတဲ့ ငနက်ဟာ နေသာတဲ့အခါ နံရံပေါ်မှာလဲလျောင်းနေလေ့ ရှိပါတယ်။

အဲသလို လဲလျောင်းပြီးတော့ သစ်ပင်ပေါ်မှာ ပျံသန်းနေတဲ့ လိပ်ပြာလေးတွေကို စောင့်ကြည့်နေလေ့ရှိပါတယ်။

လိပ်ပြာတွေက ငနက်ကို မုန်းတီးကြပါတယ်။ မုန်းမှာပါပဲ။ ငနက်ဟာ လိပ်ပြာတွေကို ဖမ်းဆီးတဲ့ အခါမှာ ကျွမ်းကျင်လိမ္မာတာကိုး။ သူက ငှက်ပေါက်စနကနေ ဘာကောင်ကိုမှ ချမ်းသာမပေးပါဘူး။

တွေ့တာနဲ့ ဖမ်းစားပစ်တာပဲဖြစ်တယ်။ တိရစ္ဆာန် လိပ်ပြာလေးတွေကို ခုလို ဖမ်းဆီးစားသောက်တဲ့ ကိစ္စဟာ သူတို့ခများတွေကို စိတ်သောကရောက်စေပါသတဲ့ကွယ်။

" ငါတို့တွေ ငနက်နဲ့ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးဖို့တော့ လိုအပ်နေပြီကွ " လို့ နှံကောင်နဲ့ ပုတ်သင်တို့က ဆိုလာကြပါတယ်။

" တို့တတွေ သူ့ရဲ့ရက်စက်တဲ့ လုပ်ရပ်တွေကိုတားဆီး ကာကွယ်ဖို့အတွက် နည်းလမ်းတစ်ခုခုတော့ စဉ်းစားမိကောင်း စဉ်းစားမိနိုင်တာပေါ့လေ "

ဒါကြောင့် လိပ်ပြာတွေက ဦးစီးပြီး စည်းဝေးပွဲခေါ်လိုက်ကြတယ်။ ဗွတ်ကလုံ ငှက်တစ်ကောင်လည်း ရောက်လာခဲ့တယ်။ ဗွတ်ကလုံငှက်ဟာ ငိုကြီးချက်မနဲ့ ရောက်လာခဲ့တာဖြစ်တယ်။

လွန်ခဲ့တဲ့နေ့က သူ့ရဲ့ သားပေါက်ငှက်ကလေးဟာ ကြောင်ငနက်ရဲ့ ဖမ်းဆီးစားပစ်တာကို ခံလိုက်ရပါတယ်။

ဒါကြောင့် သူက ငိုလာခဲ့တာပဲ ဖြစ်ပါတယ်။ သပိတ်လွယ် ငှက်ကလေးကတော့ သူ့ရဲ့ကြွရှနေတဲ့ အမြီးကလေးကို တဖျပ်ဖျပ် လှုပ်ရင်း ရောက်လာခဲ့ပါတယ်။

အဲဒီလိုပါပဲ အသံသာတဲ့ငှက်ကလေးတွေဟာလဲ သူတို့ရဲ့ ကြွရှတဲ့ ရင်ကိုကော့ပြီးတော့ အစည်းအဝေးဆီ ရောက်လာခဲ့ကြပါတယ်။

ဆက်ရက်မောက်တင်တစ်ကောင်ဟာလဲ သူ့ရဲ့ ညိုပြာရောင် အတောင်တစ်စုံကို တဖျပ်ဖျပ်ခတ်ရင်းက အစည်းအဝေး ဆီ တက်ရောက်ဖို့လာခဲ့ပါတယ်။

တခြားငှက်ကလေးတွေကလည်း တစာစာအော်မြည်ပြီး ရောက်လာကြတယ်။ သံစဉ်အမျှင်ကို မပြတ်ပါဘူး။

" ရောင်းရင်းတို့ " နုတ်သီးကြီးကိုမော့ပြီး တစ်ကောင်က ပြောလိုက်တယ်။

" ဒီကနေ့ ခေါ်ယူတွေ့ဆုံရတဲ့ အကြောင်းကတော့ ငှက်ခေါ် ကြောက်စရာကောင်းတဲ့ ကြွက်ကြီးရဲ့ အကြောင်းကို ဆွေးနွေးကြဖို့ပဲ ဖြစ်ပါတယ် "

ချက်ချင်းဆိုသလိုပဲ စာ စာ နဲ့ ပြောဆိုသံတွေ ထွက်ပေါ် လာခဲ့ကြပါတယ်။

ဆူညံလို့ပဲ အဲဒီမှာ အသံတစ်ခု ဝင်လာတယ်။

" ဟော့တိတ်ကြစမ်း၊ ဘာမှန်းလဲမသိဘူး၊ တောက် "

အပြောက်အမွှမ်းတွေနဲ့ ဇီးကွက်ငှက်က ဟန့်တားလိုက်တယ်။ ဇီးကွက်ငှက်ဟာ သူ့ခြေတစ်ချောင်းကိုတော့ မြှောက်ထားတယ်။ ငှက်တွေအားလုံးက ငြိမ်ကျသွားကြပါတယ်။

အဲဒီမှာ တေးဆိုငှက် တစ်ကောင်က ဆက်ဆိုပါတယ်။

" ဒီလိုရက်စက်ယုတ်မာတဲ့ နည်းတွေနဲ့ အကောင်ကြီးတွေကိုရော သားပေါက်တွေကိုပါ ငှက်ဟာ ဖမ်းစားလို့နေနေပါတယ်၊ ဒါကို ကျုပ်တို့တွေ တားဆီးကာကွယ်ကြရ လိမ့်မယ်ဗျ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး တို့ ဘာတွေလုပ်သင့်သလဲ၊ လုပ်ကြရမလဲဆိုတာ အကြံဉာဏ်ကောင်းရှိရင်လဲ ပေးကြပါဦး "

ဒီအခါမှာ ဘုတ်ငှက်တစ်ကောင်က -

" ကျွန်တော်တို့တွေက သူ့ကို ဝိုင်းပတ်ပျံသန်းပြီး အပြင်းအထန် ထိုးဆိတ်ကြမယ်လေ "

အဲသလို ဒေါသတကြီး ပြောပါတယ်။ တေးသီငှက်ကတော့ ဒါကို လုံးဝလက်မခံပါဘူး။

" ဒါ သူ့ဒေါသကို ဆွပေးလိုက်သလို ဖြစ်သွားမှာပေါ့၊ သူက တို့အားလုံးကို သတ်ပစ်နိုင်တယ်ဗျ "

" ဟုတ်တယ်၊ ဒါဆို မနက်ခင်းကျရင် ကျုပ်တို့တွေ သူ့ရဲ့ နို့ခွက်ကို မှောက်သွန်ပစ်ကြမယ် "

ဆက်ရက်ငှက်တစ်ကောင်က ခပ်စွာစွာထပြောတယ်။

ဒါကိုပဲ တစ်ကောင်သောငှက်က ထပ်ဆင့်ပြီးတော့ -

" ဒါလဲ မကောင်းဘူးဗျ " အော်ပြီးငြင်းဆိုပြန်ပါတယ်။

" သူ နို့မသောက်ရလို့ ဆာလောင်ရင် တို့တွေကို ပိုပြီး ကိုက်စားသောက်တော့မှာပေါ့ဗျ "

အားလုံး တခဏလောက်တော့ ငြိမ်သက်သွားကြပြန်တယ်။ အဲဒီနောက် ခိုငှက်နဲ့ နှံပြည်စုတ်ငှက်တို့က တစ်ပြိုင်တည်း ထပြောကြတာက -

" ဒီ . . . ဒီလို လုပ်ကြရအောင်ပါ "

အဲဒီနောက် သူတို့အသံတွေ ရပ်သွားကြပြန်တယ်။ ပြီးတော့ တစ်ကောင်နဲ့တစ်ကောင် စိုက်ကြည့်ကြလို့ပေါ့။ မကျေနပ်ကြဘူး။ သူပြောမယ် ငါပြောမယ် ဖြစ်နေကြတော့တာပဲ။ တခါ သူတို့ နှုတ်သီးတွေကို မလိုက်ကြပြန်တယ်။

" ဒီ . . . ဒီလို လုပ် လုပ် "

ခိုငှက်နဲ့ မိုးစွေငှက် နှစ်ကောင်လုံးက တစ်ပြိုင်နက်တည်း ထပြောကြပြန်တယ်လေ။

" ဒီ . . . ဒီလို လုပ် . . . လုပ်ကြရအောင် "

နောက်တော့ သူတို့အသံက ရပ်သွားကြပြန်ရော။ ပြီး တော့ တစ်ကောင်နဲ့ တစ်ကောင်က စိုက်ကြည့်ကြလို့ပဲ။ မကျေနပ် ကြပါဘူး။

သူပြောမယ် ငါပြောမယ် ဖြစ်နေကြပြန်တာပဲ။

ဒီလိုနဲ့ တစ်ခါ နှုတ်သီးတွေ ဟလိုက်ကြပြန်ပါရော။

" ဒါက ဒီ . . . ဒီလို . . . လုပ် . . . လုပ် "

ခိုငှက်က ဆက်ရက်ကို ထိုးဆိတ်လိုက်တယ်။ ပြီးတော့-

" မင်းတို့ ငြိမ်ငြိမ်နေကြစမ်းပါ၊ ငါ ပြောမယ်ကွ " လို့ အော်လိုက်တယ်။

ဆက်ရက်ကလဲ ခေါင်းငုံ့မခံဘူး။ ခိုငှက်ကို ပြန်ထိုးဆိတ် တယ်။

" ခင်ဗျားကြီး နေစမ်းပါဗျာ၊ ကျုပ်ပြောပါ့မယ် "

အသံစူးစူးနဲ့ပြန်ပြောပါတယ်။

ဒီတစ်ခါတော့ ဘုတ်ငှက်က အသံသြသြနဲ့ သူတို့ကို ဝင်တားတယ်။

" ဟေ့ ဒါ အစည်းအဝေး လုပ်နေတာကွ၊ ပေါက်ကရ မလုပ်ကြနဲ့ "

" ဟုတ် ဟုတ်ကဲ့ "

" ကျွန်တော့်ရဲ့အကြံက သိပ်ကိုကောင်းလို့ပါဗျာ "

ခိုငှက်က အလောတကြီး ထပ်ပြောပါတယ်။

" ကြွက်နေက်ရဲ့ပါးစပ်ကို မလှုပ်နိုင်အောင် ဘာဖြစ်လို့ အိတ်နဲ့ မစွပ်ထားရတာလဲ။ အိတ်နဲ့ စွပ်ထားလိုက်မယ်လေ "

" ဟုတ်တယ်၊ ဟုတ်တယ် "

" ကျုပ်စိတ်ကူးလဲ ဒါပါပဲ၊ ကျုပ်လဲ ဒီအကြံကိုပဲ ပြော မလို့ပါပဲ " ဆက်ရက်က ဒေါသတကြီးအော်ပြောပါတယ်။

" အေးမင်းသိတယ်ပေါ့ "

ဆက်ရက်ကို လုံးဝဂရုမစိုက်ဘဲ ခိုငှက်က ဆက်ပြောပါ တယ်။

" သူ့ပါးစပ်ကို အိတ်စွပ်ထားလိုက်ရင် ကြွက်နေက်ကြီး ကျုပ်တို့ကို မစားနိုင်တော့ဘူးပေါ့၊ ကဲ ဘယ်လောက်ကောင်း လိုက်သလဲ "

ပြီးမှ -

" ခြံထဲက တဲကလေးမှာ ချိတ်ထားတဲ့ ကျားဘိုကြီးရဲ့ ခေါင်းစွပ်ရှိတယ်လေ၊ အဲဒီခေါင်းစွပ်ကို ယူပြီးတော့နေက်ကို စွပ်ပေးလိုက်ကြတာပေါ့၊ မကောင်းဘူးလားဗျ "

" ဟုတ်တယ်၊ သိပ်ကောင်းတဲ့ အကြံပဲ "

တေးသီငှက်ကြီးက အော်ပြောလိုက်ပါတယ်။

" ဟုတ်တယ်၊ နေက်ကြီးကို ခေါင်းစွပ်စွပ်ပေးကြရမယ်"

ဆက်ရက်က ခိုဖြူရဲ့ တောင်ပံမွှေးကို ထိုးဆိတ်ဖို့ကြိုးစား ရင်းနဲ့ လှုပ်ရှားနေတယ်။ သူဟာ ဒေါသတကြီးနဲ့ တဖျစ်တောက် တောက် ပြောနေပါတယ်။

ဒီတစ်ခါမှာတော့ ခိုင့်ကံက ဆက်ရက်ကို အပြစ်တင်စကားဆိုပါတယ်။

" မင်း အတော်လာတာပဲ၊ ဒါဟာ ငါ့စိတ်ကူးအစစ်ပါကွ"

" ဟင့်အင်း ငါ့အကြံပဲ "

" ငါ ငါ "

" ကဲ ကဲ မငြင်းကြပါနဲ့တော့၊ ဒါနဲ့ ကြွက်ငနက်ကို ဘယ်သူက ခေါင်းစွပ်စွပ်ပေးကြမှာလဲ၊ ပြောကြစမ်းပါဦး "

ဘုတ်ငှက်က ဝင်မေးလိုက်တယ်။ ဒီတော့ မြေဝပ်ငှက်က သူ့အသံပြကြီးနဲ့ပေါ့ -

" အဲ ကဲ ကဲ လုပ်ကြပါဦး၊ ပြောကြစမ်းပါ၊ တစ်ကောင်ကောင်ကတော့ ဒါကို လုပ်ကြရမှာပဲ "

ဘယ်သူမှ မဖြေကြဘူး။ ဘယ်သူမှ ဒီအလုပ်ကို မလုပ်ချင်ကြဘူး။

ဒီတင် မြေဝပ်ငှက်က ခိုင်ခိုင်မာမာနဲ့ အဆိုတင်သွင်းလာတယ်။

" ကဲ ကောင်းပါပြီ၊ ကျုပ်ရဲ့အယူအဆအရတော့ ပထမဦးဆုံး ဒီအကြံကို ပေးတဲ့သူကပဲ ဒီအလုပ်ကိုလုပ်သင့်တယ်လို့ထင်တယ်၊ မဟုတ်ဘူးလား "

ခုတော့ ခိုင့်ကံဟာ ကြောက်ရွံ့နေလို့ နားနေတဲ့ သစ်ပင်ပေါ်က ပြုတ်ကျလုမတတ် ဖြစ်သွားရပါတယ်။

ဆက်ရက်လေးလဲ သူ့ခေါင်းကို သူ့တောင်ပံအောက်ထိုးသွင်းပြီးတော့ ပုန်းနေရှာပါလေရော။

သူ ဒီနားလေးတင် ရှိနေတယ်ဆိုတာကို ဘယ်သူကမှ သတိမထားမိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲပေါ့လေ။

" ဟာဗျာ ဒါ ဒါတော့ "

နောက်ဆုံးတော့ ခိုငှက်က အထစ်ထစ်အငေါ့ငေါ့နဲ့ ပြောရှာသတဲ့။

" အေး ဟုတ်တယ်၊ အခုလေးတင် မောက်တင်လေး ပြောခဲ့သလိုပါပဲ၊ ဒါ သူ့ရဲ့ အကြံဉာဏ်အစစ်ပါ၊ ကျုပ်အကြံတော့ မဟုတ်ပါဘူး၊ ကျုပ်စိတ်ကူးလို့ ကျုပ်မပြောပါဘူး "

ခိုငှက်ရဲ့ စကားကိုကြားတော့ ဆက်ရက်ဟာ သူ့ခေါင်းကို သူ့တောင်ပံအောက်ကနေ ဒေါသတကြီးထွက်လိုက်ပါတယ်။ ပြီးမှ သူက ခိုငှက်ကို ပြောလိုက်ပါတယ်၊

" အိုး ဒါ ငါ့အကြံလို့ ခင်ဗျားပဲ ပြောခဲ့တာပဲ၊ အခုကြွက် ငနက်ကြီးကို ခင်ဗျားကိုယ်တိုင် ခေါင်းစွပ်စွပ်ပေးဖို့ ခင်ဗျားစဉ်းစား စမ်းပါ၊ ခင်ဗျားမှာ အကြံကောင်း ဉာဏ်ကောင်းတွေရှိတယ် မဟုတ်လား၊ ကျုပ်ကတော့ ဒါကို မလုပ်ချင်ဘူး၊ ဒါ ခင်ဗျားရဲ့ အကြံလို့ ခင်ဗျားပဲ ပြောခဲ့တာပဲလေ၊ ဒါ မဟုတ်ဘူးလားဗျာ၊ ဒါကြောင့်ပါ "

" ခင်ဗျား ဘာပြောတာလဲ "

" မင်းပဲ ပြောခဲ့တာပဲ "

" ဟော့ ဟော့ ဒီနေရာမှာ ရန်ဖြစ်မနေကြပါနဲ့ " လို့ အသံ ပြဲကြီးနဲ့ ငှက်တစ်ကောင်က ဖြတ်အော်လိုက်ရင်း ဆုံးဖြတ်ချက်ချ လိုက်တယ်။

" အဲဒီခေါင်းစွပ်စွပ်မယ့် အလုပ်ကို မင်းတို့နှစ်ယောက်စလုံး အတူတူလုပ်သင့်တယ် "

" ကဲ ဆက်ရက် မင်းဥယျာဉ်အိမ်ထဲက ခေါင်းစွပ်ကို သွားယူချေတော့ "

ဆက်ရက် ရုတ်ချည်းထပျံသွားခဲ့တယ်၊ မကြာပါဘူး။ သူပြန်လာခဲ့တယ်။

သူနုတ်သီးမှာတော့ အသင့်လုပ်ထားတဲ့ ကြိုးခေါင်းစွပ်လေးကို ကိုက်ချီရင်း ပြန်ရောက်လို့လာခဲ့ပါတယ်။

သူ့စိတ်ထဲကတော့ ခိုငှက်ကို ထောင်ချောက်ဆင်ဖို့ အကြောင်းတွေးလို့ပဲပေါ့။

သူက ခိုငှက်ကို အော်ပြောလိုက်ပါတယ်။

" ကဲ ကိုကြံ့အကောင်ကြီးဘဲ ကိုခိုငှက် လာပါ လာပါ၊ ဒီခေါင်းစွပ်က မစွပ်ထားရင်ဘာမှ အသုံးမကျဘူးဗျ၊ ဒီကိစ္စကလုပ်ရမယ့်ကိစ္စပါ၊ ခင်ဗျားသာ သတ္တိရှိရင် ကျုပ်လဲ သတ္တိမကြောင်ပါဘူးဗျ "

ဆက်ရက်ကတော့ ကြောက်ရွံ့မှုတွေနဲ့ တုန်လှုပ်ချောက်ချားနေတာပေါ့။ ခိုငှက်ကတော့ ဆက်ပြီးစိန်ခေါ်လို့နေပါတယ်။

" ဒီမှာကြည့် ကျုပ်ခေါင်းစွပ်ကို အဆင်သင့်ယူလာခဲ့ပြီ၊ ဒါပေမဲ့ ကြွက်ကြီးကို ကျွန်တော်တစ်ယောက်ထဲတော့ ခေါင်းစွပ်မစွပ်နိုင်ဘူးဗျ "

" ကိုဆက်ရက်ရေ ကျုပ် ကြွက်ကြီးကို ခေါင်းစွပ်စွပ်ပေး နေတဲ့အချိန်မှာ ခင်ဗျားက ကြွက်ကြီးကို ငြိမ်အောင် ကိုင်ပေး ထားပေါ့ ဟုတ်လား၊ လာပါ လုပ်ကြပါစို့ရဲ့၊ တဲ "

ခုနေမှာ ဆက်ရက်ကရဲရင့်လှတယ်။ ခိုငှက်ကတော့ ကြောက်ပြီး တဆက်ဆက်တုန်နေပါတယ်။ ဒီကြွက်နက်ကြီးကို ငြိမ်အောင်ကိုင်ထားပေးရမယ်။ အမယ်လေး တွေးမိရုံနဲ့တောင် မူးမေ့သွားမယ့်ကိစ္စ။ ဒီကြားထဲ ငှက်ဝါကလေးက တစာစာနဲ့ ပြောနေပြန်သတဲ့လေ။

" မြန်မြန်လုပ်ဗျာ၊ ငနက်ကြီး နံရံပေါ်မှာ လဲလျောင်းလို့ နေတယ်ဗျ။ ပျံဆင်းပြီး သူ့လည်ပင်းကို ခပ်တင်းတင်းလေးဆုပ် ကိုင်ထားပြီး ချုပ်ထားလိုက်။ သူငြိမ်သွားပြီဆိုတာနဲ့ ကျုပ်က သူ့ပါးစပ်ကို အိတ်နဲ့စွပ်လိုက်မယ် "

" အေး ဟုတ်သားပဲ၊ ငှက်ကလေးကို မြန်မြန်ထက်ထက် ကူလိုက်လေ "

ဒါပေမဲ့ ဇီးကွက်ကတော့ မရဲရင့်ရှာပါဘူး။ သူဟာ သူ့အတောင်ပံတွေ ဖြန့်လိုက်ပြီးတော့ တဖျပ်ဖျပ်ခတ်ပြီးတော့ ဟို အဝေးဆီ ပျံထွက်ပြေးသွားပါရောလား။

ခေါင်းစွပ်ကလေးကိုရော ငှက်ဝါကလေးကိုရော ဒီအတိုင်း ထားခဲ့ရစ်တော့တယ်။

" ဟော့ ငကြောက် ငကြောက် "

တခြားငှက်တွေက အော်ဟစ်လှောင်ပြောင်ကြတယ်။ ငှက်ဝါကလေးကတော့ သဘောကျလို့ပေါ့။

ဆက်ရက်ကတော့ အော်မြဲပါ။ ဒါကြောင့် သူက အခြားကောင်တွေကို အော်ပြောလိုက်ပါတယ်။

" ကဲ တစ်ကောင်ကောင် လာပါဗျာ၊ ကျုပ်အတွက် ကြွက်နက်ကြီးကို ငြိမ်အောင်ကိုင်ပေးမယ်ဆိုတာ ကျုပ်တော့ မစဉ်းစားတတ်အောင် ဖြစ်နေရတယ်။ အဘဘုတ်ငှက်ကြီးကော ကိုင်ပေးမလားဗျ "

" ဟော . . . ငါလား၊ ငါ့မိန်းမနဲ့ တွေ့ရအောင် ခုပဲ ပြန်တော့မယ်ကွာ " ပျာပျာသလဲနဲ့ ဘုတ်ငှက်ကြီးက ပြန်ပြောပြီး ပျံထွက်ပြေးသွားခဲ့တယ်။

မကြာခင်မှာပဲ ငှက်ဝါလေးဟာ တစ်ကောင်တည်း ကျန်ရစ်ခဲ့ပါတယ်။

သူဟာ ကျေနပ်နှစ်သိမ့်မှုတွေနဲ့အတူ သူ့ဘာသာသူ တကျည်ကျည်မြည်ရင်း မပွင့်တပွင့်ပြုံးလို့နေရှာသတဲ့လေ။

ဆက်ရက်က သောင်းကျန်လို့နေပါတယ်။ ဒေါသစိတ်ကြောင့်ပါ။

" အော် လောက လောက အတ္တသတ္တဝါတွေ ဟဲ ဟဲ"

ဒီတုန်းမှာပဲ သူ့အောက်နားက အသံတစ်သံကို ကြားလိုက်ရတယ်။ ဒီအသံက သူ့ကို ကြောက်ရွံ့တုန်လှုပ်သွားစေတယ်။

ကြွက်ကြီးနက်ရဲ့ ပြောလိုက်တဲ့ အသံပဲပေါ့။ ကြွက်ကြီးက ရယ်မောပြီး ငှက်ဝါကလေးကို ပြောလိုက်ပါတယ်။

" အို ဆက်ရက်ကလေး မင်းတို့ပြောတာတွေ ငါ အားလုံး ကြားပါတယ်ကွ၊ အဲ မင်းကလွဲပြီး ငှက်အားလုံးဟာ ဘယ်

လောက်များ သူရဲဘောကြောင်လိုက်ကြသလဲ၊ မဟုတ်ဘူးလား၊ အဲ ကောင်းပြီလေ၊ မင်းဘယ်လောက် ရဲရင့်တယ်ဆိုတာ သူတို့ကို ပြောလိုက်စမ်းပါကွာ၊ ငါ ငြိမ်ငြိမ်ကလေးနေပါ့မယ်လို့ ကတိပေးပါတယ်၊ မင်း ငါ့ကို ခေါင်းစွပ်စွပ်ဖို့ ကြိုးစားကြည့်စမ်းပါ၊ ဒါကြောင့် ဆင်းခဲ့ပါ၊ မင်းဆန္ဒရှိတဲ့အတိုင်း လုပ်စမ်းပါ "

ဒါပေမဲ့ အာ လာ လာ ငှက်ဆက်ရက်လေးလည်း အဝေးကို ပျံပြေးသွားခဲ့ပါလေရော။ ခေါင်းစွပ်ကလေးကတော့ မြေပြင်ပေါ် ကျသွားပါသတဲ့။ နေက်ကြီးကတော့ သူ့ရဲ့ ချွန်ထက်ပြီး ဖြူဖွေးနေတဲ့ သွားသွားတွေကို ဖြဲလိုက်ရင်း ကျယ်ကျယ်လောင်လောင်နဲ့ သမ်းဝေလိုက်ပါတယ်။

" အင်း ဘာမဟုတ်တဲ့ အရှုပ်တွေ " ဆိုပြီး နေက်တ ပြောလိုက်ပါတယ်။

" သူတို့ဟာ အတူတူ သူရဲဘောကြောင်သူတွေချည်းပဲ၊ ငါ့ရဲ့ မုန့်နဲ့ နွားနို့ကိုပဲ ပြန်ပြီးစားပါတော့မယ်လေ "

လူလေးတို့ရေ . . .

ဆက်ရက်တွေဟာ တစ်ကောင်နဲ့တစ်ကောင် ကျယ်ကျယ်လောင်လောင် အော်နေတာတွေကို ကလေးတို့ကြားဖူးကြမှာပေ့ါ။ ဒါမှမဟုတ်ရင်လဲ သစ်ပင်တွေကြားမှာ ငှက်ဝါလေးတွေ တတွတ်တွတ်အော်မြူးနေတာ ' တကျည်ကျည် တကျာကျာ ' အသံလေးတွေဟာ နားဝင်ချိုသာ ကြားဖူးကြမှာပါ။

ဒါဟာ သူတို့တတွေ ဘာပြောနေကြတယ်ဆိုတာကို ကလေးတို့ သိကြမှာပေါ့ကွယ်။

ကြွက်ငနက်ကြီးကို ဘယ်ပုံဘယ်နည်း ခေါင်းစွပ်စွပ်ရမယ် ဆိုတဲ့ အကြောင်းတွေပါ။ သူ့ရဲ့ကောင်း ရွေးချယ်နေကြတဲ့ အကြောင်းတွေပါပဲလေ။

ဒါပေမဲ့ ကြွက်ငနက်ကြီးကို ငြိမ်အောင် ချုပ်ကိုင်ပေးမယ့် သူ ဘယ်သူတစ်ယောက်မှ မရှိတဲ့အကြောင်း ပြန်ပြောနေကြတဲ့ ဇာတ်လမ်းကြောင်းကိုပဲပေါ့လေ။

လောကမှာ အပျက်ပြောကာ လုပ်တာလွယ်တယ်။ အပြု ပြောကာလုပ်တာခက်တယ်။ အပျက်ရှောင် အပြုဆောင်ပါ။ ဒါကြောင့် . . .

" တခြားတစ်ယောက်မှာရှိတဲ့ ကောင်းကွက်လေးတွေကို တကယ်လိုက်လိုက်လှဲလှဲ ဓာန်ဖိုးထားမယ် မြတ်နိုးမယ် အသိ အမှတ်ပြုမယ်ဆိုရင် အဲဒီအရည်အချင်းမျိုး ကိုယ့်မှာလည်း ဖြစ်လာမယ် "

**ဆရာတော်ဦးဇောတိက**

(မဟာမြိုင်တောရ)

ooo

## ၄။ မင်းဘယ်ပြေးမလဲငဖျင်းလေး

တရံရောအခါကဖြစ်ပါတယ်။

သားသားမီးမီးတို့ရေ . . .

တို့ရဲ့ဘိုးဘေးတွေ မတိုင်မီကာလ ရှေးရဲ့အတီတေကာလ ကပဲဖြစ်ပါတယ်။

အကုန်ညံ့ဖျင်းတဲ့ ငဖျင်းဆိုသူတစ်ယောက်ရှိသတဲ့။ ဒီငဖျင်းဟာ အမြဲလိုလို အားအားလျားလျားနဲ့ လူမြင်ကွင်းမှာ အိပ်ပျော်နေလေ့ရှိပါတယ်။

ယောက်ျားဖျင်းကျောခင်း ဆိုသလိုပဲပေါ့လေ။ ငဖျင်းဟာ ဖွဲလုံလအရာမှာ ဖျင်းပေမယ့် စိတ်ကတော့ လူတွေကို လိမ်ဖို့ ညာဖို့ကို အမြဲအကြံထုတ်နေသူပဲ ဖြစ်ပါတယ်။

" အင်း ငါ့ထက်ဖျင်းတဲ့ ငဖျင်းတစ်ယောက်ကိုတော့ ရှာရလိမ့်မယ် "

ငဖျင်းဟာ သူ့စိတ်မှာ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် သူဟာ ဂျုံအိတ်တစ်လုံးကိုယူပြီး အဲဒီအိတ်ထဲကို ပဲစေ့နှစ်စေ့ထည့်ခဲ့တယ်။

ပြီးတော့ အိတ်ကိုဖောင်းကားလာအောင် လေနဲ့မှုတ်ထားလိုက်ပါတယ်။

ဒီလိုနဲ့ အဲဒီလေအိတ်ကို ပခုံးမှာထမ်းပြီးတော့ ရှေ့တူရူဆီဦးတည် ခရီးထွက်လာခဲ့ပါတော့တယ်။

ဒီလိုနဲ့ ရွာတစ်ရွာကိုရောက်ခဲ့တယ်။ ရောက်တာနဲ့ အနီးဆုံး အိမ်တစ်အိမ်ကို ဝင်ရောက်သွားခဲ့ပါတယ်။

သူ့အိတ်ကြီးကိုတော့ ခြံဝင်းထဲမှာပဲ ထားခဲ့ရှာပါတယ်။ သူ့အကြံနဲ့သူပေကိုး။ အဲဒီတုန်းမှာပဲ အဲဒီအိမ်က ကြက်ငယ်တစ်ကောင်က ငဖျင်းရဲ့ အိတ်ကြီးကိုတွေ့သွားရော။

အဲဒီကြက်ငယ်က ငဖျင်းရဲ့အိတ်ကြီးထဲက ဆန်စေ့လေးတွေအများကြီးပါတယ်ရယ်လို့ ထင်တာပေါ့လေ။ ဒါကြောင့် အဲဒီအိပ်ကြီးအနားသို့ တိုးကပ်သွားပြီး သူ့ရဲ့နှုတ်သီးနဲ့ ဖောက်လိုက်တယ်။ အိပ်ကြီးပေါက်သွားတော့ ဆန်စေ့တွေ တလဟောထွက်ကျမလာဘဲ လေတွေပဲ ဝူးကနဲ ပန်းထွက်လို့လာခဲ့တယ်။

" ဟာ "

ကြက်မှာ အံ့အားသင့်သွားပါတယ်။

ငဖျင်းအိမ်ထဲက ပြန်ထွက်လာတော့ သူ့အိတ်ကြီးဘယ်လိုဖြစ်ပျက်နေတယ်ဆိုတာကို တွေ့သွားပါတယ်။ ဒါကြောင့် သူ့စိတ်ထဲကတော့ သိပ်ကိုသဘောတော်ကျလို့ပေါ့။ သူဆင်တဲ့အကွက်ဝင်လာခဲ့ပြီကိုး။ ဒါကြောင့် သူက အော်ပြောလိုက်ပါတယ်။

" ဟော သွားပါပြီဗျာ၊ သွားပါပြီ၊ ငါ့ပဲစေ့တွေတော့ ကုန်ပါပြီ၊ ငါ့ဘဝလဲ ပျက်ပါပြီ "

ငဖျင်းအသံကြားတော့ အိမ်ရှင်ထွက်လာခဲ့တယ်။ ပြီးတော့ အိမ်ရှင့်တာဝန်အရ တောင်းပန်ပါတယ်။

" အို ဒါလွယ်ပါတယ်၊ မိတ်ဆွေကြီးရယ် စိတ်မပူပါနဲ့ ကျုပ်အလျော်ပေးပါ့မယ်၊ ကျုပ်မွေးထားတဲ့ဘဲတွေ အများကြီးပါပဲ၊ ဒီအထဲက ခင်ဗျားကြိုက်တဲ့ဘဲမပဲဖြစ်ဖြစ် ဘဲထီးပဲဖြစ်ဖြစ် တစ်ကောင်ယူသွားပါ၊ ဒါဆိုကျေရောပေါ့နော် "

ငဖျင်းမှာ သဘောအကျကြီးကျလို့ နေရှာလေရဲ့။ ပဲစေ့ ငယ်လေးနှစ်စေ့မျှလောက်နဲ့ ဘဲမကြီးတစ်ကောင် ရပြီကိုး။ အပိုင်ပဲပေါ့။

ငဖျင်းဟာ အကြီးဆုံးအဝဆုံး ဘဲမကြီးတစ်ကောင်ကို ရွေးလို့ယူလိုက်ပါတယ်။ ပြီးတာနဲ့ ရွာထဲဘက်ဆီ ဆက်လျှောက်လို့ လာခဲ့ပါတယ်။ ရွာလယ်လောက်ရောက်တော့ ငဖျင်းဟာ ချမ်းသာကြွယ်ဝတဲ့ အိမ်တစ်အိမ်ကို တွေ့ရတယ်။ ပထမနည်းအတိုင်းပါ ဘဲမကြီးကို ထည့်ထားတဲ့ သူ့အိတ်ကြီးကို ခြံဝင်းထဲ ထားခဲ့ပြီးတော့ အဲဒီအိမ်ထဲ တန်းဝင်သွားခဲ့ပါတယ်။

အဲဒီအိမ်ရှင်က ဧည့်ဝတ်ပျူငှာ ကြိုဆိုနှုတ်ဆက်ပါတယ်။ အဲဒီအိမ်ရှင်နဲ့ စကားစမြည်ပြောကြပြီးတဲ့နောက် ငဖျင်းဟာ ပြတင်းပေါက်ကနေ အပြင်ဘက်က သူ့အိမ်ကြီးကို အမှတ်တမဲ့ စောင်းငဲ့ကြည့် လိုက်ပါတယ်။

ဆိတ်တစ်ကောင်ဟာ သူ့အိတ်ကို ထက်နင်းပစ်လေရဲ့။ ဒါကို ငဖျင်း မြင်သွားပါတယ်။

" ဟော့ လုပ်ပါဦး၊ လုပ်ကြပါဦး၊ ဒီဆိတ် ကျုပ်ဘဲမကို ဘာလုပ်နေတာလဲ၊ အောင်မလေး၊ သေပါပြီဗျာ "

ငဖျင်းမှာ ပြာလောင်ခတ်လို့နေပါတယ်။ အိမ်ရှင်ကတော့ ခပ်အေးအေးနဲ့ပါပဲ။

" စိတ်မပူပါနဲ့ မိတ်ဆွေရယ်၊ ခင်ဗျားဘဲမနဲ့လဲတဲ့ အနေနဲ့ ဆိတ်တစ်ကောင် ယူသွားပါ၊ ဒါဆိုကျေနပ်ရဲ့လား "

ငဖျင်းတို့ကတော့ပိုင်ပဲ့။ ဆန်စေ့ကနေ ဘဲမ ဘဲမကနေ ဆိတ်တစ်ကောင် ရပြန်ပြီ။ ငဖျင်းဟာ အကောင်းဆုံး ဆိတ်တစ်ကောင်ကို ရွေးပြီးယူလိုက်တယ်။

ပြီးတာနဲ့ အိမ်ရှင်ကို နှုတ်ဆက်ပြီး ရွာထဲဆီဆက်လျှောက်ခဲ့ပါတယ်။ သိပ်ဝေးဝေး မလျှောက်လိုက်ရပါဘူး။ ငဖျင်းဟာ အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရပြန်တယ်။ အိမ်ဝင်းထဲမှာ ကျွဲကြီး တစ်ကောင်က မတ်တပ်ရပ်လို့ပဲပေါ့။ ငဖျင်းဟာ သူ့ဆိတ်ကို ကျွဲကြီးရပ်နေတဲ့ နေရာကအနီးနားတိုင်မှာ ချည်ထားလိုက်ပါတယ်။

ပြီးတာနဲ့ အိမ်ထဲကို ဝင်သွားပြန်တယ်။ ငဖျင်းဟာ အတော်လေးကြာအောင် အိမ်ရှင်နဲ့ စကားဖောင်ဖွဲ့ ပြောလို့ပဲပေါ့။ အဲဒီလိုနဲ့ အစာစားချိန်ရောက်တော့ ကျွဲကြီးဟာ ဆိတ်ကို ဒေါသနဲ့ သေအောင် ဝှေ့ရမ်းပစ်လိုက်ပါတယ်။

" အလိုလေး ဘုရားရေ၊ ငါ့ရှိတာလေးတော့ သွားပါပြီ၊ ခင်ဗျား ကျွဲကြီးက ကျုပ်ဘဝကို ဖျက်ဆီးပစ်ပြီဗျာ "

ငဖျင်းစကားကြောင့် အိမ်ရှင်ဟာ အိမ်ပြင်ထွက်ကြည့်လိုက်တယ်။ မြင်းကွင်းကို တွေ့လိုက်ရတယ်။ ဒါကြောင့် ငဖျင်းကို နှစ်သိမ့်ဖြောင်းဖျတယ်။ အိမ်ရှင်က ဆိတ်တစ်ကောင်သေသွားတဲ့အတွက် အလျော်အစားအနေနဲ့ ကျွဲကြီးတစ်ကောင်ကို ငဖျင်းအတွက် လက်ဆောင်ပေးလိုက်ပါတယ်။

ခုတော့ ငဖျင်းဟာ ကျွဲကြီးကို မောင်းမဲပြီး ထွက်လာခဲ့တယ်။ နောက်လမ်းမကြီးအတိုင်း ဆင်းလာခဲ့တယ်။ ညနေဆည်းဆာချိန်နီးလာတော့ ငဖျင်းဟာ အိမ်ပိုင်ရှင်သခင်ကြီး တစ်ဦးရဲ့ အိမ်ထဲ ဝင်သွားခဲ့ပါတယ်။

အိမ်ထဲရောက်တော့ သူ့အလုပ်သမားတွေက သူ့ကျွဲကြီးကို တိုင်မှာချည်ထားလိုက်ကြပါတယ်။ ငဖျင်းကိုတော့ အလုပ်သမားတွေက ဧည့်ခန်းထဲဝင်ထိုင်ဖို့ ပြောကြပါတယ်။

ငဖျင်းအခန့်သား ထိုင်လိုက်ပါတယ်။ အိမ်ပိုင်ရှင်ကြီးမှာတော့ လှပချောမောတဲ့ သမီးကိုးယောက်တောင်ရှိတယ်။ အားလုံးအလှတွေချည်းပါပဲ။ အားလုံးဟာ နူးညံ့တဲ့ ဝတ်စုံတွေဝတ်လို့ပဲ။

သူတို့ခါးကျဉ်ကျဉ်လေးတွေမှာ ခပ်ကြီးကြီးရွှေခါးပတ်တွေ ကိုယ်စီနဲ့ပဲပေါ့။

ငွေဓားတစ်ချောင်းစီလဲ ကိုယ်စီခါးမှာ ချိတ်လို့ပါပဲတဲ့။

ငဖျင်းဟာ တည့်လုံး မိန်းမငယ်လေးတွေနဲ့ အနှစ်စာလှည့် ကစားရင်း အချိန်ဖြုန်းလို့ နေခဲ့ပါတယ်။ စိတ်ထဲကတော့ အကြံအစည်တစ်ခုကို စီမံကိန်းချလို့ နေခဲ့ပါတယ်။

အဲဒီလိုနဲ့ ညဥ့်ဆီရောက်လာခဲ့တယ်။ အိမ်ရှင်အိပ်မောကျပြီးတဲ့နောက်မှာတော့ မကြာပါဘူး။ ငဖျင်းဟာ အိမ်ပိုင်ရှင်ကြီးရဲ့ အချောဆုံး ၅ ယောက်မြောက် သမီးဆီကို ချွတ်နင်းပြီးပြန်လာပြီး သူယူသွားခဲ့တဲ့ ခေါးကို ခေါးအိမ်ထဲ ပြန်ထည့်ထားလိုက်ပါတယ်။

ပုံမှန်မပျက် အိပ်ရာဆီပြန်လာပြီး အိပ်ချင်ယောင်ပြန်ဆောင်နေလိုက်ပါတယ်။

အဲဒီလိုနဲ့ နောက်တစ်နေ့ နံနက်ဘက်မှာတော့ ငဖျင်းဟာ အိမ်ဝင်းထဲထွက်ခဲ့တယ်။ ဘာမှမသိတဲ့ပုံစံမျိုးဘဲ။ ဒီလိုနဲ့ ကျွဲသေကိုတွေ့တော့ အထိတ်တလန့်နဲ့ အော်ပြောလိုက်တယ်။

" သနားစရာကောင်းလိုက်တာ ကျုပ်ကျွဲကြီးသေပြီဗျ၊ အသတ်ခံရပြီးသေတာ၊ အိုကျွဲကြီးရယ် မင်းကိုဘယ်သူသတ်တာလဲ၊ မင်းမရှိဘဲ ငါ ဘယ်လိုလုပ်ရမှာလဲကွာ "

ငဖျင်းဟာ အဲသလိုဖွဲ့နွဲ့ပြောဆိုနေခဲ့တယ်။ အဲဒီမှာ အိမ်ရှင်နဲ့ ဇနီးတို့က နိုးကုန်ကြတော့တယ်။

မြင်ကွင်းကို အံ့အားတသင့် ဖြစ်နေကြတယ်။ ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူသတ်လဲ သိချင်ကြတယ်။ ဒေါသလဲ ထွက်ကြတယ်။ ဒါနဲ့ ကျွဲကိုသတ်သွားတဲ့သူကို ရှာကြတယ်ပေါ့။

" ဟာ . . . တွေ့ပြီ " ဒါကတော့ အိမ်ရှင်ကြီးရဲ့ သမီး လတ်ရဲ့ ငွေမောမှာ သွေးတွေစွန်းလို့ပဲ။

သူမကတော့ ဘာသိမှာလဲ။ ဒါပေမဲ့ သူမမှာတော့ ကျွဲသတ်သမားဖြစ်ရရှာပြီ။ ငဖျင်းတို့ ညစ်လိုက်ပတ်လိုက်ပုံများ တော့ လက်ဖျားကိုခါလောက်တယ်။

ဒါကိုကြည့်ပြီး အိမ်ပိုင်ရှင်ကြီး အရမ်းဒေါသထွက်သွား တယ်။ ရှက်လဲရှက်တယ်။ သူ့မျက်နှာ အိုးမဲသုတ်ရမလား။ ဧည့်သည်ကို ဒီလိုလုပ်ရမလား ဆိုတာမျိုးပေါ့။ သူ့ကို ဆုံးမရမယ်။ ဒါကတော့ သူမကို ငဖျင်းနောက် ထည့်လိုက်စေဆိုတာပဲပေါ့။

" ကဲ မင်းမယားအဖြစ်နဲ့ပဲ ခေါ်သွားပေတော့၊ မင်း သဘောအတိုင်းပဲ၊ မင်းရဲ့ကျွဲအစား အလျော်ပေါ့ကွာ "

အိမ်ပိုင်ရှင်ကြီးက ပြောလိုက်တယ်။ သမီးလတ်မှာလဲ ဘာမှမပြောသာ ငဖျင်းနောက် လိုက်ခဲ့ရရှာပါတယ်။

ငဖျင်းမှာတော့ တပြုံးပြုံးနဲ့ပါ။ သမီးလတ်မိန်းမချောကို သူ့အိပ်ထဲထည့်တယ်။ ပြီးတော့ ပခုံးပေါ်ထမ်းပြီး ရွာထဲကထွက် ခဲ့တယ်။

ငဖျင်းသိပ်ပျော်နေပါတယ်။ သီချင်းတအေးအေးနဲ့ပါပဲ။ သူဘယ်လောက်တော်တယ်။ သူဘယ်လောက်ဉာဏ်သွားတယ်။ ဆိုတာမျိုးတွေကိုပါတွေးလို့ဆိုလို့နဲ့ပါပဲ။

ငဖျင်းဟာ တဖြည်းဖြည်းနဲ့ လမ်းလျှောက်ထွက်ခဲ့ပါတယ်။ လမ်းလျှောက်ရုံမက ကတောင်ကလိုက်သေးတယ်။

ဒီလိုနဲ့ ဘဲကျောင်းသားတွေ အုပ်စုဖွဲ့နေတဲ့ တဲလေးဆီ ရောက်သွားတယ်။

ဘဲကျောင်းသားတွေဟာ အလုပ်ကြိုးစားကြသူတွေ ဖြစ်တယ်။ စိတ်တိုတတ်လိုက်တာလဲ မပြောပါနဲ့တော့။ မတရား တာတွေ့ရင် လုံးဝလက်မခံတတ်ကြဘူး။ ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်ပြီးဖြေရှင်းပေးတတ်ကြတယ်ဆိုတယ်။ ဒါက သူတို့ စိတ်ဓာတ်အမှန်ပဲ။

သူတို့ဟာ ငဖျင်းကို ဧည့်ခံကြတယ်။ ထမင်းဟင်း ကျွေးမွေးလို့ပဲ။ ညအိပ်စက် အနားယူဖို့အတွက်လည်း အိပ်ယာ ပြင်ပေးကြပါတယ်။

သူတို့က ငဖျင်းသီချင်းနဲ့ သီချင်းဆိုသံကြားပြီးတော့ ငဖျင်း အကြောင်း သိနေကြတယ်ဆိုတာပါပဲ။ ဒီရွာက ဒါမျိုး အကျော မခံတတ်ကြဘူး။

" ဒီလူ့ ပညာပေးမှပဲဖြစ်မယ်၊ ဒီလူ ဘဝင်မြင့်နေပြီ။ သိ စေရမယ် "

ဒါပေမဲ့ သူတို့ဟာ အကြံတစ်ခုနဲ့ မသိချင်ယောင်ခဏ ဆောင်နေခဲ့ကြတယ်။ အခိုကက ငဖျင်းကို ပညာပေးဆုံးမဖို့ရာ အတွက်ပါပဲတဲ့။

ဒီလိုနဲ့ ငဖျင်းတစ်ယောက် ခရီးပန်းပြီး အိပ်ပျော်သွားခဲ့ပါ တယ်။ အဲဒီမှာ သူတို့ဟာ ငဖျင်းအိတ်ကြီးကို ဖြေကြတယ်။ မိန်းမချောလေးကို အိတ်ထဲကထုတ်လိုက်ကြတယ်။ ပြီးတော့

ဒီအိတ်ထဲကို မြွေဆိုးကြီးတစ်ကောင်ကို ထည့်လိုက်ကြတယ်။ အဆိပ်ပြင်း အကိုက်ကြမ်းတဲ့ကောင်ပဲ။

နံနက်မိုးလင်းတော့ ငဖျင်းဟာ ဘာမှမသိပါဘူး။ ခပ်ပျော်ပျော်နဲ့ပါပဲ။ ရွာပြန်ခရီးဆက်ခဲ့ပါတယ်။

အပြန်လမ်းတစ်လျှောက်လုံး သီချင်းသံက အေးအေးနဲ့ပါပဲ။

ပဲစေ့နှစ်စေ့ ဘဲတစ်ကောင် . . .

ဘဲတစ်ကောင်က ဆိတ်တစ်ကောင် . . .

ဆိတ်တစ်ကောင်က ကျွဲကြီးပေး . . .

ကျွဲကြီးပေးတော့ ကောင်မလေးရ . . .

သိပ်ကိုလှတဲ့ မိန်းမဗျ . . .

အိုလှမှလှ . . . အဲဒါကျုပ်မိန်းမ၊ ကျုပ်ဉာဏ်ဗျ . . .

ငဖျင်းဟာ သူ့ရွာဆီနီးလာခဲ့တယ်။ မိန်းမချောလေးကို ကြည့်ချင်စိတ်ပေါ်လာတယ်။ ဒါကြောင့် ပခုံးပေါ်က အထုပ်ကြီးချ ဖြေလိုက်တယ်။

" ထွက်ခဲ့တော့ မိန်းမချောလေး " ပေါ့ဗျာ။

ဒါပေမဲ့ ကောင်မလေးတော့ ထွက်မလာပါ။ မြွေကြီးတစ်ကောင် ပါးပြင်းထောင်ရင်း ရှူးကနဲ ခုန်ထွက်လာပါလေရော။

ငဖျင်း အံ့ဩထိတ်လန့်သွားပါတယ်။ မြွေကြီးမှာ အိတ်ထဲမှာ ကသိကအောက်ဖြစ်နေခဲ့ရတာ ကျဉ်းကျပ်ခဲ့တာကြောင့် ဒေါသ

ထွက်နေခဲ့တာ မဟုတ်လား။ ခုတော့ လွပ်လပ်ပြီးပါးပျဉ်းထောင်ပြီး ငဖျင်းကို ခုန်အုပ်တယ်။ မိလို့တော့လား အသေပဲ။

ငဖျင်းလဲ နှမ်းထွက်နဲ့ မှန်းချက် မကိုက်ဖြစ်တာ သတိရလာတယ်။ ဒါကြောင့် တချိုးတည်းနောက်လှည့်ပြီး ခြေကုန်သုတ်ပြေးတော့တယ်။

မြွေကြီးကလည်း နောက်ကထပ်ကြပ်မကွာ လိုက်လို့ပါလာတယ်။

ခုတော့ ငဖျင်းမှာ အသက်ကို ဖက်နဲ့ထုပ်ခါနဲ့ရယ်။

ခုတော့ ငဖျင်းကလေးမှာ -

" ပြေးနိုင်မှလွတ်မဟော့ " ပါနော်။

ဝင့်ဆိုတာ လည်တတ်တဲ့ သဘောရှိတယ်။ ပြေးနိုင်ပ့ါမလား။ ပြေးလို့ကော လွတ်ပ့ါမလား ဆိုတာပါ။

၀၀၀

## ၅။ ရုက္ခစိုးကြီးရယ်သနားတယ်

တစ်ခါတုန်းက ဖြစ်ပါတယ်။

ရုက္ခစိုးကြီးတစ်ပါး ရှိပါသတဲ့။ ရုက္ခစိုးကြီးအဖြစ်စိုးစံရတာကို သူဟာ တော်တော်စိတ်ကုန်နေတယ်။

အတော်ကလေးလဲ ငြီးငွေ့ပြီးနေရှာပါတယ်။ သိုက်ထဲနန်းထဲနေရတာကို အတော်ပျင်းရိလို့နေပါတယ်။

" ငါ့ရဲ့ မကိုဋ်ကလဲ အတော်လေးတာပဲ "

ရုက္ခစိုးကြီးက အော်ဟစ်ညည်းတွား လိုက်ပါတယ်။

" ငါ့ရဲ့ အစိမ်းရောင်ဝတ်ရုံကြီးကလဲ သိပ်လေးတာပဲ၊ အခိုင်းအစေ လက်အောက်ငယ်သားတွေကလဲ များမှများပဲ၊ ပြောလိုက် ဆိုလိုက် သွားလိုက် လာလိုက်ကြတာ အအားကို မနေရဘူး၊ တောက် "

အဲဒီအခါမှာတော့ ရက္ခစိုးကြီးရဲ့ ပျော်တော်ဆက်က -

" မှန်လှပါ အရှင်၊ အဘယ်သို့သော ဆန္ဒတော်များရှိပါသလဲ ပြောပါ "

လှိုက်လှဲပျူငှာ တင်လျှောက်ပါတယ်။ အဲဒီအခါမှာတော့ ရက္ခစိုးကြီးက -

" ငါ့ရဲ့ ဆန္ဒကို မြွက်ကြားတော်မူမယ်၊ ငါ့ရဲ့ သိုက်နန်း၊ ဝတ်ရုံကြီးရယ်၊ သရဖူရယ်၊ သိုက်နန်းကြီးရယ်ကို ဘယ်အရာနဲ့မဆို ငါကိုယ်တော်မြတ် လဲတော်မူမယ် မောင်မင်း၊ ဒီတော့ အခု မောင်မင်းကိုပဲ ငါမေးတော်မူမယ်၊ မောင်မင်းကတော အဲဒီ ပစ္စည်းတွေ ရမယ်ဆိုရင် ဘာနဲ့လဲမလဲ " တဲ့။

ရက္ခစိုးကြီးက မေးလာတယ်။

" မှန်လှပါ၊ ကျွန်တော်မျိုးကတော့ အဖိုးတန် အခြား ပစ္စည်းမရှိပါဘူးခင်ဗျာ၊ အရှင်ကြီး လဲမယ်ဆိုရင် ကျွန်တော်မျိုးကြီး ပေးနိုင်တာကတော့ "

သူအတန်ငယ် ဆိုင်းငံ့သွားပါတယ်။ ဒါကို စိတ်မရှည်နိုင်ခဲ့။ ရက္ခစိုးကြီးက -

" ကဲ ဆက်လျှောက်ပါ "

" အဲဒါကတော့ ရယ်စရာဟာသတွေပါခင်ဗျာ၊ ဒီဟာတွေဟာ ရှားပါးပြီး အရှင်စိတ်ညစ်ညူးနေတဲ့အခါတောင် ရယ်ရအောင် စွမ်းဆောင်နိုင်ကြပါတယ် ခင်ဗျား၊ ဒီအရာတွေကို ကျွန်တော်မျိုးကြီး စာတစ်စောင် ပေတစ်ဖွဲ့ ရေးပြီးတော့ ဆက်သပေးပါ့မယ်ခင်ဗျာ "

ရက္ခစိုးကြီးရဲ့ ပျော်တော်ဆက်က လျှောက်ထားလိုက်တယ်။ ဒါကို ရက္ခစိုးကြီးက စိတ်မဝင်စားဘဲ ရွှေမျက်နှာတော်လွှဲရှာတယ်ပေါ့။

" တော် တန် တိတ်၊ မင်းရဲ့ ဟာသကို ကျုပ် စိတ်ကုန်တယ်၊ ငါ့ရဲ့သရဖူ ဝတ်ရုံနဲ့ နန်းတော်ကို မောင်မင်းရဲ့ ကလိထိုး ဟာသလောက်နဲ့ မလဲနိုင်ပါဘူး "

ရက္ခစိုးကြီးက စိတ်ဆိုးဒေါသနဲ့ ငေါက်ငမ်းပြောဆိုလာပါတယ်။

အဲဒီအခါမှာ ရက္ခစိုးကြီးရဲ့ သစ်နန်းယာဉ်သာမှူးက လျှောက်တင်လာပြန်ပါတယ်။

" မှန်လှပါ၊ ကျေးတော်မျိုးကြီး အရှင်ဘုရားကို အကောင်းဆုံး စက်လှေကြီးတစ်စင်း ဆက်သပါ့မယ်၊ အရှင် ဒီရေယာဉ်ကြီးနဲ့ အရှင် ပင်လယ်ထဲ စိတ်ကြိုက်သွားလာနိုင်ပါတယ်၊ အဲဒီလို ပင်လယ်ထဲသွားလာနေတဲ့ အချိန်မှာ စိတ်လွတ်ကိုယ်လွတ်နဲ့ ပင်လယ်လေရှူရင်း သောကတွေကင်းစင် နေနိုင်ပါတယ်အရှင်"

လှိုက်လှိုက်လှဲလှဲ လျှောက်တင်ပြပါတယ်။ ဒါပေမဲ့လဲ ရက္ခစိုးကြီးကတော့ -

" အသင့်ဟာကြီးက ကိုယ်တော်မြတ်နဲ့ မသင့်လျော်ပါဘူးကွာ၊ ငါက လှိုင်းမူးတတ်တယ်၊ ဒါကြောင့် မောင်မင်းနဲ့လဲ မလဲနိုင်ပါဘူးကွာ "

ရက္ခစိုးကြီးက စိတ်မသက်သာတဲ့ အမူအရာနဲ့ ပြောရှာပါတယ်။ အဲဒီလို ရက္ခစိုးကြီးက ငြင်းဆိုလိုက်တယ်ဆိုရင်ပဲ အဲဒီ

အခြေအနေကို စောင့်ကြည့်နေတဲ့ ရုက္ခစိုးကြီးရဲ့ မိတ်ဆွေကုန်သည်ကြီး တစ်ဦးက -

" မှန်ကြောင်းပါ။ ကျွန်တော်မျိုးကတော့ အရှင်ရဲ့ သရဖူရယ်၊ ဝတ်ရုံရယ်၊ နန်းတော်ရယ်ကို ဇလုံကြီးလောက်ကြီးတဲ့ စိန်တုံးကြီးနဲ့ လဲပါ့မယ်ခင်ဗျား "

ပိုင်လောက်ပြီ အထင်နဲ့ လျှပ်တပြက် လျှောက်တင်လိုက်ပါတယ်။ ဒါပေမဲ့ ရုက္ခစိုးကြီးက ခေါင်းခါလိုက်ပြန်တယ်။ ဒါကြောင့် ကုန်သည်ကြီးက -

" ဒါနဲ့လဲ မပြီးသေးပါဘူး အရှင်၊ ပတ္တမြားတွေ ရွှေပြား ငွေပြားတွေကိုလဲ ဆက်သပါဦးမယ်၊ ဒါဆိုရင် အရှင် ချမ်းသာပြီးတော့ လိုသမျှဆန္ဒ ပြည့်ဝပြီပေါ့ အရှင် "

မိတ်ဆွေကုန်သည်ရဲ့ လျှောက်တင်ချက်ကြားတော့ ရုက္ခစိုးကြီး အတော်ဒေါသထွက်သွားပါတယ်။

ဒါတွေဟာ သူ့အတွက် ဘာလုပ်ရမလဲ။ သူက ဓနသခင် ရုက္ခစိုးရဲ့အရှင်ကြီးပဲ မဟုတ်လား။ ရာရာစစ ဟင်း . . . ။

" ဟော့ တိတ်စမ်း "

ရုက္ခစိုးကြီးက ငေါက်ငမ်းပစ်လိုက်တယ်။

" အဲဒါတွေက ဘာလုပ်ရမှာတုန်း၊ အဲဒါတွေနဲ့လဲမှတော့ ခု ငါ့ဘဝနဲ့ ဘာပိုကောင်းစရာရှိလဲ "

" မှန်ပါ "

" သင့်ရဲ့ အရာဝတ္ထုတွေနဲ့ ကျုပ်သရဖူ၊ ကျုပ်ဝတ်စုံ၊ ကျုပ်နန်းတော်ကို ဘယ်လိုမှ မလဲနိုင်ပါဘူး မောင်မင်း "

ရက္ခစိုးကြီးက ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ပါတယ်။ အဲဒီအချိန်မှာ ရက္ခစိုးကြီးရဲ့ နန်းတော် အနီးဆီသို့ အစိမ်းရောင် အသွင်ဝတ်ဆင်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက် လျှောက်လှမ်းလို့ လာခဲ့ပါတယ်။

ဒါကို ရက္ခစိုးကြီးကမြင်တော့ အဲဒီပုဂ္ဂိုလ်ကို လှမ်းပြီးနှုတ်ဆက်ရင်းက ရှေတော်မှောက်ခေါ်တော်မူလိုက်တယ်။

" ကိုင်း ခင်ဗျားကို ကျုပ်မေးမယ်၊ ဟောဒီ သရဖူရယ်၊ ဝတ်ရုံရယ် ပြီးတော့ နန်းတော်ကြီးရယ် အဲဒီပစ္စည်းတွေကို ကျုပ် မောင်မင်းနဲ့ ပစ္စည်းချင်းလဲမယ်၊ အဲဒီအတွက် ကျုပ်ကို ဘာများ ပေးနိုင်မလဲကွဲ့ "

ရက္ခစိုးကြီးက ပြောလာတယ်။ အဲဒီအခါမှာ အင်္ကျီအစိမ်းနဲ့ ပုဂ္ဂိုလ်က -

" မှန်ကြောင်းပါ၊ အရှင် ဆန္ဒရှိရင် ကျွန်ုပ်ရဲ့ အခန်းငယ် တစ်ခုတည်းရှိတဲ့ တဲအိမ်တစ်လုံးရယ်၊ ကျွန်ုပ်ရဲ့ သစ်တောလေး တစ်ကေရယ်၊ ကျွဲမကြီးတစ်ကောင်ရယ်၊ ဘဲမကြီးတစ်ကောင်ရယ် ဆက်သပ့ါမယ်ဘုရား "

ထိုပုဂ္ဂိုလ်က လျှောက်ကြားတယ်။

ဒါကို ရက္ခစိုးကြီး အတော်သဘောကျသွားတယ်။ သူ့စိတ်ကူးထဲမှာလဲ အဲဒီလိုနေရာကလေးဟာ အေးငြိမ်းပြီးပျော်စရာ ကောင်းမယ်ထင်တာကိုး။ အဲဒါနဲ့ ရက္ခစိုးကြီးက -

" အဲဒါကို ကျုပ်သဘောကျတယ် "

"ကဲ လဲကြမယ်၊ သင် ကျုပ်နန်းတော်ကို ချက်ချင်းပြောင်းခဲ့ပေတော့၊ ကျုပ်လဲ သင့်အိမ်ကို ချက်ချင်းပြောင်းခဲ့မယ် "

ရုက္ခစိုးကြီးက ချက်ချင်းဆိုလာခဲ့ပါတယ်။ ပြီးတော့ အဆောတလျင်ပဲ သူ့ရဲ့ ဝတ်ရုံကြီးကို ချွတ်ပြီးတော့ ထိုသူကို ပေးလိုက်တယ်။ သူ့ရဲ့သရဖူကိုပါ ဆောင်းပေးလိုက်ပြီးတော့ ရုက္ခစိုးကြီးက -

" ကိုင်း မောင်ရင် ငါ့ရဲ့ပလ္လင်ပေါ်မှာထိုင်ပြီး စိုးစံခဲ့ပေတော့ " ပြောဆိုနှုတ်ဆက်လိုက်ပါတယ်။

ပြီးတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ လက်ပြနှုတ်ဆက်လိုက်တယ်။ ပြီးမှ ဘာမှမရှိတဲ့ အခန်းတစ်ခန်းပါ ထိုသူ့အိမ်ဂေဟာဆီ လျှောက်သွားခဲ့တယ်။

အဲဒီ ဂေဟာလေးဟာ မှောင်လို့မည်းလို့ပဲပေါ့။ မီးဆိုတာ လည်းမရှိဘူး။ အိမ်ဂေဟာရောက်တော့ ရုက္ခစိုးကြီးဟာ မီးဖိုနံဘေးမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါတယ်။ သူ့အတွက် မီးဖိုပေးတဲ့လူလဲမရှိဘူး။ ဘယ်အခိုင်းအစေ တစ်ယောက်မှလဲ မရှိကြဘူး။

. တစ်ခဏလောက်ကြာတော့ ရုက္ခစိုးကြီးမှာ နေမထိ ထိုင်မသာ ဖြစ်လာခဲ့တယ်။ ရုက္ခစိုးကြီးဟာ စေတစ်လုံးပိုင်ရှင်ဘဝ ရခဲ့တယ်မဟုတ်လား။

အလုပ်အကြွေးတွေနဲ့ တစ်သက်လုံး နေလာခဲ့တာ ခု သူကိုယ်တိုင်က ဘာမှမလုပ်တတ်ဘူးလေ။ ခု သူ ညည်းညူရှာတယ်။

" အင်း . . . ဒီနေရာက သိပ်အေးပြီး အထီးကျန်ဆန်လှ ပါလား၊ ကျုပ်အတွက် အကျိုးဆောင်ပေးမယ့်သူ တစ်ယောက်မှ မရှိပါလား "

ရက္ခစိုးကြီးညည်းညူနေရှာတယ်။ ဒါနဲ့ မပြီးသေးဘူး။

" ခု ငါ့ဆီ ဘယ်သူမှလာပြီး စကားမပြောကြပါလား၊ အင်း . . . ငါ့လုပ်စရာကတော့ အိပ်ရာဝင်ပြီးတော့ အိပ်စက်ဖို့ပါပဲ "

အဲဒီလိုနဲ့ ရက္ခစိုးကြီးဟာ အိပ်ရာမှာ အိပ်ပျော်သွားခဲ့ပါတယ်။ ပြီးတော့ ဆက်ကနဲ လန့်နိုးတာလဲ ဖြစ်ဖြစ်နေတယ်။

အကောင်းစားပေါ်မှာ နေလာခဲ့သူဟာ ခုတော့ မာကျောခက်ထန်တဲ့ဘဝ ခြားနားလှတယ်။ ရက္ခစိုးကြီး ရူးကြောင်မူးကြောင် ဖြစ်နေရှာပါတယ်။

" ဟာ ဆာလိုက်တာ လွန်ပါရောလား၊ ငါဘာစားရမလဲ" ရက္ခစိုးကြီး တစ်ကိုယ်တည်း ညည်းညူနေမိပြန်ပါတယ်။

ဒါပေမဲ့ သူ့အတွက် ဘာမှပြင်ဆင်ပေးမယ့်သူမှ မရှိကြဘူးလေ။ ရက္ခစိုးကြီးမှာ နေမထိထိုင်မသာ ဖြစ်နေရှာပါတယ်။

" အင်း ငါနေခဲ့တဲ့ နေရာဟာ ဒီနေရာနဲ့ စာရင်တော့ သိပ်မဆိုးလှပါဘူး၊ ငါ့ကောင်တွေက မီးဖိုပေးတယ်၊ စားချင်တာလဲ စားရအောင် အဆင်သင့် လုပ်ပေးကြတယ်၊ ဒီမှာတော့ နှစ်သိမ့်ပေးမယ့်သူတောင် မရှိပါလား "

ရက္ခစိုးကြီး စဉ်းစားမိရင်း ရက္ခစိုးနန်းတော်ကို သတိရနေမိတယ်။

ကြာတော့ ရုက္ခစိုးကြီး မနေနိုင်တော့လို့ ခုန်လိုက်မိတယ်။

" ငါ ခပ်လှမ်းလှမ်းကို လျှောက်ကြည့်ဦးမှပဲ၊ ငှါကောင်တွေ တစ်ယောက်ယောက် တွေ့ကောင်းတွေ့နိုင်တယ် "

ရုက္ခစိုးကြီးစဉ်းစားမိတဲ့ အကြံပဲဖြစ်ပါတယ်။ အဲဒီလိုနဲ့ ရုက္ခစိုးကြီးဟာ သူနဲ့ အလဲအလှယ်လုပ်ခဲ့တဲ့ ရှပ်အင်္ကျီစိမ်းနဲ့ လို့ တွေ့လိုက်ပါရောလား။

ဒီလူ့ သူ့ရုက္ခစိုးအင်္ကျီဝတ်မထားပါလား။ သရဖူလဲ ဆောင်းမထားပါဘူး။

ရုက္ခစိုးကြီး အံ့အားသင့်သွားတယ်။

" ခင်ဗျားရဲ့ ဝတ်စုံကြီးက ဘယ်မှာလဲ၊ သရဖူကြီးကကော ဘယ်မှာလဲဗျ၊ ဘာလို့ ဝတ်မထားရတာလဲ "

ရုက္ခစိုးကြီး အစ်ပြီး မေးလိုက်တယ်။

ဒီအခါမှာ အင်္ကျီစိမ်းပိုင်ရှင်ဖြစ်သူ ဖြေတာက -

" ကျွန်ုပ် ဒါတွေကို ချွတ်ခဲ့ပါပြီ၊ ဝတ်ရုံက ကျွန်ုပ် လမ်းလျှောက်တဲ့လမ်းမှာ ကျွတ်ကျခဲ့ပါတယ်။ ကျွန်ုပ်လဲ အရှင့်နန်းတော်မှာ မပျော်ပါဘူးခင်ဗျာ "

" ဟင် ဘာဖြစ်လို့လဲဗျ "

ရုက္ခစိုးကြီးက အံ့ဩတကြီး မေးပါတယ်။ (စိတ်ထဲမှာ ဝမ်းလဲသာနေမိပါတယ်)

" အကြောင်းကတော့ များမှများပဲ "

အင်္ကျီစိမ်းပိုင်ရှင်က ပြောရှာပါတယ်။ ပြီးမှ -

" အဲဒီကအမှုထမ်းတွေကလဲ ကျွန်ုပ်ရဲ့ ခြေတော်ရင်းမှာ တစ်ပုံတစ်ပင်ကြီးပဲ "

" အဲဒါဘာဖြစ်လဲ၊ ထုံးစံပဲ "

" ကျွန်ုပ်ကတော့ မျက်စိကို နောက်နေတာပဲ၊ ကွက်လပ်ကို မလွတ်စေရဘူး "

" ဟင် "

" ပြီးတော့ နို့ခွက်တွေနဲ့ ဥတွေဆိုတာလဲ မလတ်ဆတ်ကြဘူး "

" ဟင် "

" မှန်ပါတယ်၊ ဒီမှူးမတ်တွေဟာ ဟိုဟာလာလျှောက်တင်လိုက်၊ ဒီမှူးမတ်ဆိုတာတွေက ဒီဟာလာလျှောက်တင်လိုက်နဲ့ပါပဲ၊ စိတ်အေးအေးကို မနေရပါဘူး "

" ဟင် "

" မှန်ပါတယ်အရှင် ခေါင်းလည်းခြောက်ရပါတယ်၊ ပြီးတော့ ဟိုမိဖုရားခေါင်ကြီးက တတွတ်တွတ် ဒီမိဖုရားခေါင်ငယ်လေးက တကျည်ကျည်နဲ့ ကျွန်ုပ်မှာ စိတ်ကိုအိုက်လှပါတယ် အရှင် "

ထိုသူ့စကားကြားရတော့ ရက္ခစိုးကြီးမှာ အတော့်ကို သဘောကျသွားပါတယ်။ စိတ်ထဲကလဲ -

" တော်ပါသေးရဲ့ ရာထူး မဆုံးရှုံးသေးလို့ "

တကယ်တော့လည်း ရက္ခစိုးကြီးဟာ ဒီလိုအခြေအရံနဲ့ နေချင်နေတာကိုး။

ရက္ခစိုးကြီးစဉ်းစားလိုက်တယ်။ ပြီးမှ -

" ဒီကိစ္စကို ဘယ်လိုစီစဉ်ရမယ် ဆိုတာ ကျုပ် မောင်မင်းကို မိန့်ကြားရမယ် "

" မှန်ပါ "

" ကျုပ် မောင်မင်းကို အခန်းတစ်ခန်းပါ တဲအိမ်တစ်လုံးရယ်၊ သစ်တောတစ်တောရယ်၊ ကျွဲကြီးတစ်ကောင်ရယ်၊ ဘဲမကြီးတစ်ကောင်ရယ် ပေးမယ်၊ ကဲ မောင်မင်း ကျုပ်ကို ဘာတွေပြန်ပေးမလဲပြော "

ရက္ခစိုးကြီးက အကျိုးစိမ်းနဲ့လို့ ရေလာမြောင်းပေးစကားဆိုပါတယ်။

အကျိုးစိမ်းနဲ့လူလဲ အတော်သဘောကျသွားပါတယ်။

" ငါ၀တ်ကျွတ်ပြီ သဘောထားလိုက်ပါတယ် "

ဒီမှာရက္ခစိုး ဖြစ်သူကလည်း -

" သူက အဲဒီလို အေးချမ်းတဲ့ ဘ၀ကို မက်မောတယ်။ ခု သူကိုင်သမျှပြန်ရတော့မယ် အကျိုးစိမ်းပိုင်ရှင်ဖြစ်သူကလဲ ရက္ခစိုးကြီးပေးတဲ့အရာတွေ ပြန်ပေးလိုက်ရတာပဲ ကောင်းမယ် ဒါပဲမဟုတ်လား "

နောက်ဆုံးမှာ -

ရက္ခစိုးပြောတာ သူသဘောကျသွားပါတယ်။ ဒါကြောင့်-

" ဟုတ်ကဲ့ ဒါ သိပ်ကောင်းပါတယ်၊ ကျွန်ုပ်က ရက္ခစိုးကြီးကို အရှင့်၀တ်စုံရယ်၊ သရဖူရယ်၊ စံအိမ်ရယ် အကုန်ပြန်ပေးပါ့မယ် အရှင်ဘုရား "

ရက္ခစိုးကြီး ပီတိဖြစ်တာ ဟန်လုပ်ဖုံးရင်းက -

" အဲဒါဆိုလည်း ကျုပ်တို့ ပြန်ပြီးလဲကြတာပေါ့ကွာ "

ရက္ခစိုးကြီးက လှိုက်လှိုက်လှဲလှဲ မိန့်ခွန်းစကားဆိုလိုက်ပါတယ်။

အဲဒီလိုနဲ့ အကြိုစိမ်းနဲ့လူ သူ့ရဲ့ အိမ်ကလေးဆီကို ဒုံးစိုင်းပြေးသွားခဲ့ပါတယ်။ ပျော်လို့ မြူးလို့ပါပဲ။

ရက္ခစိုးကြီးကလည်း သူ့ရဲ့ခမ်းနားထည်ဝါလှတဲ့ ရက္ခစိုးစံအိမ်တော်ကြီးဆီ အပြေးကလေး ပြေးသွားရှာပါတယ်။ သူက တော့ နွားငတ်ရေကျပမာပါ။ ပျော်လို့ မြူးလို့ပါ။

ခုန်ပေါက်ကခုန်လို့တောင် နေရှာသတဲ့။

ဟန်လုပ်ပေမယ့် ရှုမတည်ရှာပါ။

လက်တွေ့ဘဝဟာ ဟန်လုပ်မရဘူးဆိုတာပါပဲ။

" ကိုယ့်ကို တကယ် ထိထိရောက်ရောက် နှိပ်စက်နိုင်တာ ကိုယ်တစ်ယောက်ပဲရှိတယ် "

**ဆရာတော်ဦးဇောတိက**

(မဟာမြိုင်တောရ)

ဝဝဝ

## ၆။ စောစိတ်ဟာလူမှာအဓိကပဲ

တစ်ရံရောအခါကဖြစ်ပါတယ်။

ဇနီးမောင်နှစ်ယောက်ရှိကြတယ်။ သူတို့ဟာ ကလေးမရကြဘူး။ ကလေးသိပ်လိုချင်တော့ အကြံဉာဏ်တစ်ခုရလာတယ်။

ဒီလိုနဲ့ နေ့စဉ်နေ့တိုင်း ရွာဦးထိပ်က နတ်ပင်ကြီးမှာ ဆုပန်ကြပါတယ်။

မှင်စာလောက်ရှိတဲ့ ကလေးပဲဖြစ်ဖြစ် လိုချင်ပါတယ် ပေးပါ၊ ဆုတောင်းကြတာပေါ့။

အဲဒီလို ဆုတောင်းတဲ့အတိုင်း သူတို့မှာ ကလေးတစ်ယောက်ရခဲ့တယ်။ ကလေးကတော့ မှင်စာလောက်ပဲရှိပါတယ်။ ဘယ်တော့မှ အရွယ်ကမကြီးတော့ပါဘူးဆိုတယ်။

သူတို့ ဆုတောင်းတဲ့အတိုင်းပဲ ဖြစ်တာပေါ့။ သားယောကျ်ားလေးမို့ မှင်စာလေးပဲ ချစ်စနိုးခေါ်ကြပါတယ်။

မှင်စာလေးက သိပ်ဉာဏ်ကောင်းပါတယ်။ လိမ်လဲလိမ္မာပါတယ်။ ပညာဉာဏ်နဲ့ပတ်သက်ပြီး ထက်မြက်စူးရှတဲ့အမြင်ရှိပါတယ်။ သူ့အစွမ်းကို အားလုံး အံ့ဩယူကြရတယ်။

အဲဒီလိုနဲ့ မှင်စာကောင်လေး ဆယ့်ငါးနှစ်သားအရွယ် လောက်မှာပေါ့။ တစ်နေ့ မှင်စာလေးဟာ သူ့အမေရဲ့ နံဘေးက ဥခွံတစ်ခုထဲမှာ ထိုင်နေခဲ့ပါသတဲ့။ ဒီတုန်းမှာ သူ့အမေက သူ့ကို လှမ်းပြောလာပါတယ်။

" သားလေး အခုဆို သားဟာ ဆယ့်ငါးနှစ်ထဲရောက်ပြီ နော်၊ ဒါပေမဲ့ သားလေးဟာ ဘာမှ မလုပ်နိုင်ဘူးနော်၊ သားမှာ ဘာတွေဖြစ်ချင်တဲ့စိတ်ရှိတုံးသားရဲ့ "

" အများအကျိုးဆောင်ချင်တယ် အမေ "

" ဘယ်လို အများအကျိုးလဲသားရဲ့ "

" သူများ စိတ်ချမ်းသာသွားတာမျိုးလိုချင်တယ် "

" ဒါဆို သတင်းစကားပြောကြားကာ သံတမန်အကျိုး ဆောင်ပုံစံမျိုးလုပ်ပေါ့ကွဲ့ "

" ဟုတ်တယ် အမေ၊ အဲဒါမျိုးပါ "

ဒီအခါမှာ သူ့အမေက ရယ်ရှာပါတယ်။ ပြီးမှ ဒါဟာ မဖြစ်နိုင်ကြောင်းပြောပါတယ်။

" သားက သံတမန်ဖြစ်ချင်တယ် ဟုတ်လား "

" ဟုတ်တယ် အမေ "

" သားရဲ့ကိုယ်ခန္ဓာဖွဲ့စည်းပုံနဲ့ ဘယ်လိုလုပ် သံတမန် ကောင်းတစ်ယောက် အများအကျိုးသည်ပိုးသူ တစ်ယောက် ဖြစ်လာနိုင်ပါ့မလဲ သားရဲ့ "

" ဒါပေမဲ့ သားကတော့ ဒါပဲဖြစ်ချင်တယ်၊ မယုံချင်ရင် သားကို စမ်းသပ်ကြည့်ပါလား၊ နောက်တစ်နေ့ မကူးစေရပါဘူး ဗျာ၊ ဖြစ်စေရမှာပါ "

မှင်စာလေးပြန်ပြောပါတယ်။ ဒါကြောင့် သူ့အမေက ပျော်စေပျက်စေသဘောနဲ့ပဲ -

" ဒါဆိုလည်း သားလေး ဟိုဘက်ရွာက ဦးလေးဆီသွား၊ ပြီးတော့ ဦးလေးဆီက ငွေတစ်ရာကို တောင်းယူခဲ့ကွယ် "

အဲဒီလိုပြောလိုက်တယ်။ အဲဒီအခါမှာ မှင်စာလေးဟာ သူရပ်နေတဲ့ဥခွံဆီက ခုန်ထွက်ပြီးတော့ လယ်တောအတိုင်းပြေး ထွက်သွားခဲ့ပါတယ်။

လမ်းမှာ ဟိုဘက်ရွာကိုသွားမယ့် ဒုန်းစိုင်းလာတဲ့ နွားလှည်းတစ်စီးကိုတွေ့တယ်။ မှင်စာလေးဟာ ဒုန်းစိုင်းနွားလှည်း နဲ့ လိုက်ပါသွားတယ်။

ပြီးတော့ လှည်းဦးမှာ နေရာယူလိုက်ပါတယ်။ နောက် သူ့မှာပါလာတဲ့ စူးချွန်လေးနဲ့ နွားကြီးကို ထိုးလိုက်ပါတယ်။ နွားကြီး ဟာ စစ်ကနဲနာတော့ စိတ်ဆိုးပြီးတော့ ခုန်ပေါက်ပြေးပါလေရော။ ပိုင်ရှင်မှာ အံ့အားတသင့်နဲ့ပါပဲ။

အဲဒီမှာ ရောက်သွားတဲ့အခါ နွားတွေမှာ မောနေရှာ တယ်။ ခြေကုန်လက်ပန်းကျပြီး မပြေးနိုင်တော့ပါဘူး။ မှင်စာ ကတော့ လှည်းပေါ်က ခုန်ချလိုက်တယ်။ မြေပြင်ရောက်တာနဲ့ သူ့ဦးလေးဆီသို့ပြေးခဲ့တယ်။ သူ့ဦးလေးက အံ့ဩနေတယ်။ မှင်စာ

လေးက သူဦးလေးဆီက ငွေကိုတောင်းပြီး ပြန်ပြေးခဲ့ပါတော့တယ်။

အဲဒီလိုနဲ့ အပြန်လမ်းမှာတော့ တခြားနွားလှည်းတစ်စီးနဲ့တွေ့ရပြန်တယ်။ သူ့ရှာဘက်ကို ဦးတည်နေတာမို့ မှင်စာလေး နွားလှည်းပေါ် ခုန်တက်လိုက်ပြန်ပါတယ်။

ပထမအတိုင်း နွားတွေကို ကဆုန်စိုင်းပြေးအောင် လုပ်လိုက်ပြန်ပါတယ်ဆိုတာပါပဲလေ။

အိမ်ရောက်တော့ သူ့အမေဆီ ငွေတစ်ရာပေးလိုက်တဲ့ အခါကျတော့ သူ့အမေမှာ မယုံကြည်နိုင်အောင် ဖြစ်နေရတယ်။

အံ့ဩစိတ်နဲ့ အသိအမှတ်မပြုဘဲ မနေနိုင်ဘဲ မှင်စာလေးကို မေးကြည့်ဖြစ်တယ်။

" သားလေး ဘယ်လိုလုပ်ပြီး ခုလိုမြန်မြန်ပြန်လာနိုင်ခဲ့လဲဟင် "

" ဟာ အမေကလည်း "

မှင်စာလေးက ဘာမှ ခက်ခဲတဲ့အရာမဟုတ်တဲ့ပုံစံမျိုးနဲ့-

" သား မေမေ့ကို ပြောခဲ့တာပဲ။ အများအကျိုးဆောင်ချင်တယ်ဆိုတာလေ၊ သားမှာ ဒီအရည်အချင်းတွေ တွေ့တယ်မဟုတ်လား အမေရဲ့၊ ဟင် . . . "

သူ့ဖခင်မှာလည်း လားတစ်ကောင်ရှိပါတယ်။ ဖခင်ဖြစ်သူက လားကို ဝန်တင်ဆွဲခိုင်းတယ်။ တစ်နေ့တော့ မှင်စာလေးဟာ ဖခင်ဖြစ်သူနဲ့အတူ တောထဲလိုက်သွားတယ်။ နေ့လယ်ခင်းရောက်တော့ သူ့ဖခင်က မှင်စာလေးကိုပြောပါတယ်။

" သားလေး ဒီမှာနေခဲ့ဦး၊ လားကျောင်းနေခဲ့နော်၊ ဖေဖေ အိမ်ခဏပြန်လိုက်မယ်၊ ခဏလေးပါ၊ ချက်ချင်းပြန်ခဲ့မယ် "

ပြောပြီး ဖခင်ဖြစ်သူ ထွက်သွားခဲ့ပါတယ်။ အဲဒီအခါမှာ လားသူခိုးတစ်ယောက်က သူတို့လယ်တောဘေးက ဖြတ်သွားခဲ့ပါတယ်။ ပြီးတော့ သူခိုးက အစောင့်မရှိဘဲ မြက်တွေကိုစားနေတဲ့ လားကြီးကို တွေ့တော့တာပေါ့။ မှင်စာကောင်လေးက မြတ်ပင်တွေကြားထဲရောက်နေတော့ သူခိုးက မမြင်ရဘူးလေ။ အဲဒီသူခိုးက လားကြီးကို ခိုးယူစီးဖို့ ကြိုးစားတယ်။ အဲဒီအကြံအစည်နဲ့ သူခိုးဟာ လားပေါ်တက်စီးပြီး ပြေးပါလေရော။ ဒါပေမဲ့ မှင်စာကောင်လေးက လျင်ပါတယ်။ လားမြီးဆွဲပြီး လားပေါ်ကို အရအမိတက်လိုက်တယ်။ ပြီး စူးချွန်နဲ့ သူတို့အိမ် ဘက်ပြေးအောင် အချက်ပေးတယ်။ သင်္ကေတအဖြစ်ကတော့ လားကိုစူးနဲ့ထိုးပါတယ်။ လားကလည်း ဆတ်လှပါတယ်။ သိလည်းသိပါတယ်။ ဒါနဲ့ လားဟာ သူ့အိမ်ဘက်ကို ဦးလည်လှည့်ပြီး တရှိန်ထိုး ပြေးပါတော့တယ်။ သူခိုးမှာ ဘာမှ မတတ်နိုင်တော့ပါဘူး။

မှင်စာလေးဖခင်မှာတော့ သူ့လားကြီးကို လူစိမ်းစီးလာတာမြင်တော့ အတော်အံ့ဩလို့နေပါတယ်။

ဒါပေမဲ့ သူ့သားမှင်စာလေးက လားပေါ်က လျောဆင်းပြီး အကြောင်းစုံပြောပြတော့မှ သူ့ဖခင်ကြီးမှာ သဘောပေါက်သွားပါတယ်။

လားသူခိုးကို ဖမ်းလိုက်နိုင်ပါတယ်။

အဲဒီလိုနဲ့ မှင်စာကောင်လေးဟာ တဖြည်းဖြည်းနဲ့ အသက်နှစ်ဆယ်အရွယ်ရောက်ခဲ့ပါတယ်။ အဲဒီအခါမှာ မှင်စာလေးက -

" မိခင် ဖခင်တို့ခင်ဗျား၊ သား နိုင်ငံတကာကမ္ဘာလှည့်သွားပါဦးမယ်၊ သားအတွက် စိတ်မပူကြပါနဲ့၊ ချမ်းသာမှ ပြန်ခဲ့ပါမယ် "

အဲဒီလို ရဲရဲဝံ့ဝံ့ပြောပါတယ်။ မိခင် ဖခင်တို့ကတော့ ရယ်နေကြတာပေါ့။ ရယ်စရာလို့ပဲထင်နေကြတယ်။ ယုံလည်း မယုံနိုင်ကြပါ။

ဒီလောက်ကောင်လေးက ဘာလုပ်နိုင်မှာတုံးလို့ ထင်ကြတယ်။ အဲဒီလိုနဲ့ ညနေခင်းရောက်တော့မှင်စာကောင်လေးဟာ သူတို့အိမ်ခေါင်မိုးပေါ် ကုပ်ကပ်တွယ်တက်သွားခဲ့ပါတယ်။

ခေါင်မိုးထက်ရောက်တော့ ခိုငှက်သိုက်တွေရှိပါတယ်။ ခိုငှက်တွေက သူတို့အိမ်ခေါင်မိုးပေါ်မှာ လားအသိုက်ဆောက်နေခဲ့ကြတာပဲမဟုတ်လား။

မှောင်ရီပိုးတဝါးမှာ ခိုငှက်တွေ အိပ်တန်းပြန်လာခဲ့ကြတယ်။ ခိုငှက်တွေအိပ်နေကြတဲ့အခါမှာ မှင်စာကောင်လေးဟာ အကြီးဆုံး အဖေ ခိုငှက်ကြီးပေါ် တက်ပြီး အမွေးတွေကြားမှာ ဝင်ပုန်းနေလိုက်ပါတယ်။

ဒီလိုနဲ့ နောက်တစ်နေ့ နံနက်ခင်းရောက်တော့ ခိုငှက်တွေဟာ တဘက်အရပ်ဆီ ဦးတည်ပျံသန်းသွားကြပါတယ်။ မှင်စာလေးဟာ ပါသွားခဲ့တော့တာပေါ့။

ခိုင့်ကာင်တွေ အသိုက်ပြောင်းကြပြီလေ။ ဆောင်းရာသီသို့ ဝင်ရောက်ခဲ့ပြီလေ။ ဆောင်းခိုဖို့ နေရာရှာကြပြီပေါ့။ အဲဒါကို မှင်စာလေးသိတယ်။ ခိုင့်ကာင်တွေနဲ့ လိုက်သွားရင် စကြဝဠာ ကမ္ဘာသစ် ရောက်မယ်ဆိုတာ သိပြီးသားပဲလေ။

အဲဒီလိုနဲ့ ခိုင့်ကာင်တွေနဲ့အတူ မှင်စာလေးဟာ လူရိုင်းကမ္ဘာ သို့ ရောက်သွားခဲ့တယ်။

လူရိုင်းတွေဟာ ခိုင့်ကာင်ကို စီးလာတဲ့ မှင်စာလေးကို အံ့သြတကြီးရှိကြတယ်ဆိုတာပါပဲ။

အရမ်းလည်း သဘောကျကြတယ်။ ဒါကြောင့် သူတို့ဟာ ခိုင့်ကာင်ကြီးနဲ့ မှင်စာလေးကို သူတို့ရဲ့ သခင်ကြီးဆီ ဆက်သွင်းလိုက် ကြတယ်။ဆိုတာပါပဲ။

သခင်ကြီးဟာ မှင်စာကောင်လေးရဲ့ ရဲရင့်ပုံ ဉာဏ်ပညာ ထက်မြက်ပုံတွေကိုကြည့်ပြီး သူ အလွန်နှစ်ထောင်းအားရ ဖြစ် တော်မူရှာပါတယ်။

ဒါကြောင့် ဧည့်သည်တော် တစ်ယောက်အနေနဲ့ ကောင်း ကောင်းမွန်မွန် ဧည့်ခံရုံမကဘူး။ အတော်ကြီးတဲ့ ပတ္တမြား တစ်လုံးကိုပါ လက်ဆောင်မွန်အဖြစ် ပေးလိုက်ပါတယ်။

မှင်စာကလေးဟာ ပတ္တမြားကို ဖဲကြိုးနဲ့ထုတ်ပြီးတော့ ခိုင့်ကာင်ရဲ့ လည်ပင်းမှာ ချည်နှောင်လိုက်ပါတယ်။

ဒီလိုနဲ့ ဆောင်းရာသီကုန်လို့ နွေဦးအစလည်းရောက်လို့ ခိုင့်ကာင်တွေဟာ မှင်စာလေးတို့ တိုင်းပြည်နဲ့ မှင်စာကလေးတို့အိမ် ဆီသို့ သိုက်မြုံပြောင်းကြပြန်ပြီပေါ့။

သူတို့တွေ အုပ်ဖွဲ့ပြီး ပျံသန်းကြပြီပေါ့။

အဲဒီအခါမှာ မှင်စာလေးဟာ ခိုငှက်တွေနဲ့အတူ မိမိတိုင်းပြည်ပြန်လာခဲ့ရတယ်။လေ။

အချိန်တန်တော့လဲ အိမ်ပြန်ခဲ့ရတယ်ပဲ ဆိုပါတော့လေ။ အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ မှင်စာလေးမှာ အလုပ်များရပါတော့တယ်။

မှင်စာကလေးဟာ ခိုငှက်ပေါ်ကဆင်းလိုက်တယ်။ ခိုငှက်ရဲ့လည်ပင်းမှာ ချည်နှောင်ထားတဲ့ ဖဲကြိုးကိုဖြုတ်ပြီး ပတ္တမြားကို ထုတ်ယူလိုက်ပါတယ်။

" ဟာ . . . သားလေး ပြန်လာပြီ "

" ဝမ်းသာလိုက်တာ၊ သားလေး ပြန်လာပြီ "

မှင်စာကလေးရဲ့ မိခင် ဖခင်တို့ဟာ သူ့သား မှင်စာလေးကိုကြည့်ပြီး ဝမ်းသာလုံးဆို့နေကြတယ်ပေါ့လေ။

မှင်စာလေးကိုကြည့်ပြီး အံ့သြခြင်းမက အံ့သြလို့နေနေကြပါတယ်။

လူစဉ်မမီပေမယ့် လူစွမ်းလူစ ဘယ်လောက်ရှိလှပုံအကြောင်း အားလုံးက ကောင်းကောင်းသိလိုက်ကြပြီလေ။

ခုတော့ တစ်ရွာလုံးကိုလှည့်ပြီး ကြွားနေရတာ မမောနိုင်ကြဘူးတဲ့လေ။

ပတ္တမြားကို ထုခွဲရောင်းချလိုက်တော့ ချမ်းလည်းချမ်းသာ

သွားခဲ့ကြပြီလေ။

အဲဒီလိုနဲ့ မှင်စာကောင်းလေးရယ် သူ့မိခင်ဖခင်တို့ရယ်ဟာ ချမ်းသာပျော်ရွှင်စွာနဲ့ တစ်သက်လုံးမတောင့်မတ နေထိုင်သွားခဲ့ကြတယ်ဆိုတာပါ။

ဥပမာကတော့ လူမှာ အရေးကြီးတာက လုံ့လဝီရိယနဲ့ ဖွဲ့သတ္တိရှိရေး စွန့်စားရန်းကန်ရေးဆိုတာပါ။

ဒါဟာ စိတ်ဓာတ်ဟာ အဓိကကျတယ်။ ပြီးတော့ ရည်မှန်းချက် ခိုင်မာပြတ်သားရေးပါ။

ဟုတ်တာလုပ်ပြီး မှန်တာပြောပါ။ မှန်တာလုပ် ဟုတ်တာပြောပါဆိုတာပါ။ အဓိကက စိတ်ဓာတ်ပါ။ စိတ်ဓါတ်နဲ့ အပြောလုပ်ရပ်ဖြောင့်မှန်ဖို့ပါ။

စိတ်ဓာတ်နိမ့်ကျရင် ဘဝနိမ့်ကျမယ်။ စိတ်ဓာတ်မြင့်ရင်ဘဝမြင့်မယ် လုပ်ငန်းဖြစ်မယ် ဆိုတာပါ။

" စကားကို ပိုင်ပိုင်နိုင်နိုင်ပြောတတ်တဲ့ သူ စဉ်းစဉ်းစားစား ဉာဏ်ရှိရှိအကြောင်းနဲ့ အကျိုးနဲ့ ပြောတတ်တဲ့သူမှာအားငယ်တဲ့ စိတ်မဖြစ်ဘူး၊ အဲဒါက ပညာတစ်မျိုးပဲ "

**ဆရာတော်ဦးဇောတိက**

(မဟာမြိုင်တောရ)

ooo

## ၇။ ကျေးဇူးကန်းကို မလိုချင်ဘူး

ကျေးဇူးမသိတတ်တဲ့သူဟာ ဉာဏ်ပညာကြီးတဲ့သူ မဖြစ်နိုင်ဘူး။ လေးနက်တဲ့ အသိဉာဏ်ရှိတဲ့သူမဖြစ်နိုင်တော့ဘူး။

**ဆရာတော်ဦးဇောတိက**
(မဟာမြိုင်တောရ)

တစ်ကောင်က -

" ငါ့အနီးအနားမှာ လှုပ်လှုပ်ရွရွနဲ့မရဘူးကွ၊ ငါအိပ်ရေးပျက်တယ် "

နောက်တစ်ကောင်က -

" ငါ့ဖာသာ ငါကြိုက်သလိုနေတာ မင်းဘာမှ ပြောစရာမလိုဘူးကွ "

တစ်ကောင်က -

" မင်း ငါ့ အစွမ်းအစမသိလို့ ပြောနေတာပေ့ါ၊ ငါ့ အစွမ်းစ မင်းသိရင် လန့်သွားမယ်ကွ "

နောက်တစ်ကောင်က -

" အမယ် မင်းက ငါ့ထက် ဘာများသာလို့လဲကွ "

တစ်ကောင်က -

" အဲ ငါပြောမယ်၊ ကဲ ကြည့် ငါရဲ့ဆူဖြိုးတဲ့အသားကို စားရရင် အဲဒီစားတဲ့သူက မင်းဖြစ်မယ်၊ အဲ ငါ့ရဲ့အလယ်သားကို စားရင် စားတဲ့သူက စစ်သူကြီးဖြစ်မယ်၊ နောက်ဆုံး အရိုးကိုကပ်နေတဲ့ အသားကိုစားရင်တောင် ဘဏ္ဍာစိုးဖြစ်နိုင်သေးတယ်ကွ သိလား၊ ဟင်း "

တကယ်တော့ သစ်ပင်ပေါ်မှာအိပ်တန်းတက်နေကြတဲ့ ကြက်နှစ်ကောင် ပြောနေသံတွေပဲဖြစ်တယ်။

အကြည်အသာမဟုတ်ပါ။ ရန်ဖြစ်မာန်ဆောင်နေကြသံက ထွက်ပေါ်လာတာပဲဖြစ်ပါတယ်။

အဲဒီသစ်ပင်အနီး နတ်ကွန်းပေါ်မှာ အိပ်နေရာက နိုးစဖြစ်တဲ့ ပေါ်ဒွိကဟာမာဂဓ ဘာသာစကားကို နားလည်သူပဲဖြစ်တယ်။

သူက သူနားနဲ့ကြားရသမျှကို စိတ်ဝင်စား မှတ်သားလို့နေပါတယ်။

အဲဒီနောက်တော့ သူဟာ တိတ်တဆိတ်ငြိမ်ငြိမ်သက်သက်နဲ့ သစ်ပင်ပေါ်တက်သွားပြီးတော့ အဲဒီထူးခြားတဲ့ ကြက်ဖကို အမိအရဖမ်းလိုက်ပါတယ်။

ပြီးတော့ သတ်ဖြတ်ပြီးတော့ မီးကင်ထားလိုက်ပါတယ်။ သူငယ်ချင်းတွေနိုးလာခဲ့ရင် အတူစားကြဖို့ပဲဖြစ်ပါတယ်။

ပေါင်ဒိုကဟာ သူရဲ့သခင် နိဂြောခေလုလင်ရယ် သူငယ်ချင်းဖြစ်သူ သာခလုလင်တို့နဲ့အတူ ခရီးဆက်လာကြတာပဲဖြစ်ပါတယ်။

သူတို့ဟာ တက္ကသိုလ်ပြည်က ပညာသင်ကြားပြီးတော့ မိဘရပ်ထံ ပြန်လာခဲ့ကြတာပဲဖြစ်ပါတယ်။

လမ်းခုလတ်ခရီးစပ်ကြားက နတ်ကွန်းမှာ တစ်ညနားနေ အိပ်စက်နေကြရတာပဲဖြစ်ပါတယ်။

သူတို့ဟာ ရာဇဂြိုလ်မြို့က သူဌေးကြီးရဲ့သား နိဂြောခ။ သူဌေးငယ်ရဲ့သားသာခနဲ့ အပ်ချုပ်သည်ရဲ့သား ပေါင်ဒိုက တို့ပဲ ဖြစ်ကြပါတယ်။

သူတို့ဟာ တစ်မနေ့တည်း မွေးလာခဲ့ကြပြီး ငယ်စဉ်ကစပြီးတော့ အတူကစားရင်း ကြီးပြင်းလို့လာခဲ့ကြပါတယ်။

အရွယ်ရောက်လာတော့ သူဌေးကြီးက သူတို့သုံးယောက်ကို တက္ကသိုလ်ပြည်သို့ ပညာသင်ဖို့ လွှတ်ပေးခဲ့တယ်။ ခု ပညာသင်ရာက ပညာစုံလို့ နေရပ်ပြန်လာခဲ့ကြတဲ့ ခရီးစဉ်ပဲဖြစ်ပါတယ်။

နိဂြောခနဲ့ သာခတို့ နိုးလာကြတဲ့အခါ ပေါင်ဒိုကက သူကြက်ဆီက ကြားရသမျှသတင်းပြောပြပြီး ကြက်သားကို စားဖို့ရန် ပြင်ဆင်ပေးထားတာပဲဖြစ်ပါတယ်။

" ကဲ အဲဒီကြက်ကို လတ်လတ်ဆတ်ဆတ် စားကြရအောင်လို့ မီးကင်ထားတယ်၊ ရှေ့ ဆူဖြိုးတဲ့အသားကို နီဂြောဓက စားပေတော့၊ သာခကတော့ ဟောဟိုအလယ်သားကိုစား၊ ကျုပ်ကတော့ အရိုးကပ်နေတဲ့ အသားပဲစုတ်ပါတော့မယ် "

ပေါင်္ဂသက စကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်ပေမယ့် ဆွေးနွေးမနေတော့ဘဲ စားပစ်လိုက်ပါတယ်။

တကယ်တော့လဲ အနံ့တသင်းသင်းရှိတဲ့ ကြက်ကင်ကိုလည်း တကယ်နှစ်ခြိုက် စားလိုက်မိကြတာပဲဖြစ်ပါတယ်။

ပြီးတော့ သူတို့ဟာ ခရီးဆက်လက်ထွက်ခဲ့ကြပါတယ်။ နေ့ခင်းလောက်ရောက်တော့ မောပန်းလာတာနဲ့ ဗာရာဏသီမင်းရဲ့ ဥယျာဉ်တော်အတွင်း ဝင်ခဲ့မိကြပါတယ်။

ဥယျာဉ်ထဲရောက်တော့ အရိပ်ကောင်းကောင်းမှာ အိပ်စက်နား နေမိကြပါတော့တယ်။

အဲဒီအချိန်ဟာ ဗာရာဏသီမင်းနတ်ရွာစံပြီးတော့ ခုနစ်ရက်မြောက်တဲ့ နေ့တစ်နေ့ပဲဖြစ်နေပါတယ်။

ထီးနန်းဆက်ခံမယ့်သူမရှိတာကြောင့် မှူးမတ်အရာရှိတို့က ရှေးထုံးစဉ်လာအတိုင်း သစ္စာအဓိဋ္ဌာန်ပြုပြီး ဖုဿရထား လွှတ်ကြပါတယ်။

အဲဒီဖုဿရထားဟာ ဥယျာဉ်ဆီသို့ ဦးတည်သွားခဲ့ပြီးတော့ ကျောက်ဖျာပေါ်မှာ အိပ်စက်နေတဲ့ နီဂြောဓလုလင်ရဲ့ ခြေရင်းမှာ ဆိုက်ခဲ့ပါတယ်။

မှူးမတ်တို့ဟာ နီကြောခလုလင်ကို တောင်းပန်ပြီးတော့ မင်းအဖြစ် အပ်နှင်းလိုက်ပါတယ်။

ဒါကြောင့်ချက်ချင်းပဲ မင်းအဖြစ်သို့ရောက်သွားခဲ့ပါတယ်။ နီကြောခမင်းဟာ သာခလုလင်ကို စစ်သူကြီးရာထူးမှာ ခန့်အပ်တယ်။ ပေါဋ္ဌိကကိုတော့ ငါ့ရဲ့မိဘတွေကိုသွားခေါ်ပေးပါ ငါ့ရဲ့ အနီးအနားမှာထားပြီး လုပ်ကျွေးပြုစုရမယ်ပြောပြီးတော့ ရာဇဂြိုလ်မြို့ဆီကို စေလွှတ်လိုက်ပါတယ်။

နီကြောခမင်းရဲ့ မိဘတွေဟာ ချက်ချင်းလိုက်မလာလိုသေးတာကြောင့် ပေါဋ္ဌိက က ပြန်လာခဲ့ပါတယ်။

ဗာရာဏသီသို့ရောက်တဲ့အခါ နီကြောခမင်းထံ ချက်ချင်း မလာသေးပဲ စစ်သူကြီးသာခအိမ်မှာ ခေတ္တနားဦးမယ် စိတ်ကူးပြီးတော့ သူ့အိမ်ထဲဝင်သွားခဲ့ပါတယ်။

သာခဟာ ပေါဋ္ဌိကကိုမြင်တဲ့အခါ သူ့စိတ်ထဲမှာ အောင်းနေတဲ့ ဒေါသဟာ ရှူးရှူးရှဲရှဲထွက်လာခဲ့ပါတယ်။

" ဒီကောင် ငါ့ကို ဆူဖြိုးနေတဲ့ ကြက်သားသာကျွေးခဲ့ရင် ခုနေခါမှာ ငါ ရှင်ဘုရင်ဖြစ်နေခဲ့ပါပြီ။ ခုတော့ အလယ်သားသာ ရွေးပြီးကျွေးသွားခဲ့တာကြောင့် စစ်သူကြီးလောက်ပဲဖြစ်ခဲ့ရတော့တယ် " လို့ အငြိုးအတေးထားပြီးတော့ သူ့ရဲ့အစောင့်တွေကို -

"ဟေ့ ရဲဘက်တို့ ဒီကောင်ဟာ ရန်သူတစ်ယောက်ပဲကွ၊ အပ်ချုပ်သည်ရဲ့သားပဲ၊ အလကားကောင်၊ သူ့ကို လည်ကုပ်ဆွဲတိ

တောင်နဲ့ ထောင်းပြီးရိုက်ပုတ်နှင်ထုတ်လိုက်ကြစမ်း " လို့ အမိန့်ပေးလိုက်ပါတယ်။

ဒီတော့ သူ့ရဲ့အစောင့်တွေက ပေါင်ဒြိကကို တွန်းထိုးရိုက်ပုတ်ပြီး အိမ်ဝင်းထဲက တွန်းထုတ်လိုက်ကြပါတယ်။

" ဟေ့ အရှူး၊ ထွက်စမ်း ထွက်စမ်း "

" ဟေ့ အရှူး၊ သေချင်လား ထွက် ထွက် "

" မြန်မြန်ထွက်စမ်း "

အဲသလိုနဲ့ ရိုက်နှက်တွန်းထုတ်ခံရကာ ပေါင်ဒြိကဟာ နန်းတော်တွင်း ဝင်သွားခဲ့ပါတယ်။

မသေရုံတမယ် အမောတကော ပြေးခဲ့ရပါတယ်။

ပေါင်ဒြိက နန်းတော်ထဲဝင်သွားတဲ့အခါ နိဂြောဓမင်းဟာ ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလို့နေရှာပါတယ်။

" လာ လာ သူငယ်ချင်း "

" ဟေ့ စားစရာတွေ ပြင်ကြစမ်းဟေ့ "

" ငါပါ အတူစားမယ် "

စားပွဲတွေရောက်လာတော့ နိဂြောဓဟာ အတူလက်ဆုံစားကြရင်းက မိဘတွေရဲ့အကြောင်း မေးမြန်းခဲ့ပါတယ်။

" ငါ့မိဘများ ဘယ်လိုနေကြလဲ "

" အရှင့်မိဘတွေ ချက်ချင်း လိုက်မလာနိုင်ကြသေးပါဘူး၊ အားလုံး ကျန်းမာကြပါတယ်၊ အခုအပြန်မှာ ခေတ္တနားမယ်ကြံပြီး သာခအိမ် ဝင်ရာမှာတော့ အထုအနှက်ခံလာခဲ့ရပါတယ် "

အကြောင်းစုံကို ပြန်ပြောင်းပြောဆိုပြလိုက်ပါတယ်။ နိဂြောဓမင်းဟာ အလွန်စိတ်ဆိုးပြီးတော့ သာခကို ချက်ချင်းလာခဲ့ဖို့ ဆင့်ခေါ်လိုက်ပါတယ်။

သာခရောက်လာတဲ့အခါ ပေါင်ဒိကဟာ သာခရဲ့ရှေ့မှောက်မှာ အထုအထောင်းခံရပုံတွေကို ထပ်မံပြောဆိုပြလိုက်ပါတယ်။

စစ်သူကြီးသာခမှာ မငြင်းဆိုနိုင်ဘဲ ဝန်ခံရပါတော့တယ်။

" ဒီမယ် ပေါင်ဒိက သင်ဟာ ကိုယ်တိုင်အနစ်နာခံပြီး ထိုက်သင့်တယ်ထင်လို့ ရွေးချယ်ပြီး ကျွေးမွေးလိုက်တယ်၊ သင့်ရဲ့ကျေးဇူးက ကြီးမားလှပါပေတယ် "

" မှန်ပါ "

" အေး လောကမှာ ဘယ်လောက်ကောင်းတဲ့ မျိုးစေ့ပဲဖြစ်ဖြစ် မီးထဲပစ်ချရင်ပြာဖြစ်ပြီး အပင်မပေါက်နိုင်သလိုပါဘဲ သူယုတ်မာကို ကျေးဇူးပြုတာဟာ အကျိုးပြုရာမရောက် ကွယ်ပျောက်တာကို အခု လက်တွေ့တွေ့နေရပါပြီဆိုတာ သတိထားသာ ဆောင်ရွက်နေပါတော့ "

" မှန်ပါ "

" ပြောနေကြာတယ်၊ အခုသင့်ကို ဒီနေ့ကစပြီး စစ်သူကြီးရာထူးခန့်လိုက်မယ်၊ ယူပေတော့ "

ပေါင်ဒိကက အလောတကြီးနဲ့ ငြင်းရှာပါတယ်။

" စစ်သူကြီးရာထူးကို လက်မခံလိုပါဘူး " လို့ အတင်းငြင်းတာကြောင့် -

" ဟဲ ကဲ၊ ဒါဖြင့်လဲ အကြံပေး ဘဏ္ဍာစိုးရာထူးကိုမဲ ယူပေတော့ "

" မှန်ပါ "

" ဟော့ ငြင်းပယ်ဦးမှာလား "

" မငြင်းပယ်တော့ပါဘူး၊ ဒါပေမဲ့ . . . "

" ဒါပေမဲ့ ဘာဖြစ်လဲ ပြောစမ်း "

" အရှင်မင်း၊ ကျေးဇူးမသိတတ်သူကို မတန်ဘာရာ ချီး မြှောက်ခြင်းမပြုရင် တော်လောက်ပါပြီ "

" အင်း အင်း၊ ဆိုစမ်းပါဦး "

" ကျေးဇူးမသိတတ်ကြသူတွေဟာ အင်မတန်မှကြောက် စရာကောင်းလှပါတယ်၊ သူတို့ဟာ တကယ်တော့ လူမဟုတ် ကြပါဘူး၊ တကယ့်အယုတ်တမာ မိစ္ဆာဒိဋ္ဌိတွေပါပဲ၊ လူ့ကျင့်ဝတ် လူ့ကိုယ်ကျင့်တရား လူ့သီလဆိုတာတွေကို အားလုံးမယ်လျှန်ရဲ သူတွေပဲဖြစ်ပါတယ် "

" ဆိုပါဦး "

" ကျေးဇူးရှိမှ ကျေးစွတ်တယ်ဆိုသလိုပါပဲ၊ ရလေလိုလေ အိုတစ္ဆေတွေပဲဖြစ်ပါတယ်၊ သူတို့ဟာ သူရဲဘောလဲ အလွန် ကြောင်ကြတယ်၊ ပြဿနာကို ဖန်တီးပြီးတော့ ဖြစ်လာတဲ့ပြဿနာ ကို ရင်မဆိုင်ရဲကြဘူး၊ ဟိုလူ့လွှဲချ ဒီလူ့လွှဲချ ထမင်းရေပူမှလျှာလွှဲ လုပ်တတ်ကြပါတယ် "

" အင်း . . . အင်း "

လျှာအရိုးမရှိတဲ့အတိုင်း ပြောချင်ရာပြောမယ်၊ လိမ်ချင်ရာလိမ်မယ်ဆိုတဲ့လူတွေ၊ ကိုယ်သက်သာရာရဖို့ ကိုယ်အခွင့်အထူးရဖို့ဆိုရင် ဘာကျေးဇူး ညာကျေးဇူး ဘာဂုဏ် ညာဂုဏ် ဘာသိက္ခာ ညာသိက္ခာ ဘာတစ်ခုကိုမှ မထောက်တတ်ကြဘူးဆိုတာပါပဲ "

" အင်း . . . အင်း "

" သူတို့ဟာ ကုန်ကုန်ပြောရရင် သူတို့အခွင့်အရေးလုပ်မှုရေးနဲ့ပတ်သက်ပြီး အခွင့်သာလာရင် သူတို့မိန်းမ သူတို့သားသမီး ဘာမျက်နှာကိုမှ မထောက်ထားကြဘူးဆိုတာပါ "

" ဒီထိတောင်ပဲဟုတ်လား "

" ဟုတ်ပါတယ် "

" ကြောက်စရာပဲ "

" ဒီစိတ်ဓါတ်ရှိသူတွေဟာ လူဖြစ်လာပေမယ့် လူစိတ်မရှိတဲ့ လူ့အနွ လူ့အတ္တသမားတွေပါ။ သိပ်ကိုကြောက်ဖို့ ကောင်းကြတယ်ဆိုတာ စာတွေ့ပါမက ခု ငါ တွေ့လိုက်ရပါပြီ " ဆိုတာပါ။

" အင်း . . . "

" ဒါပေမဲ့ သူ့ထိုက်နဲ့ သူ့ကံသာ ရှိပါစေတော့ "

" သူ့အသက်ကိုတော့ ချမ်းသာပေးတော်မူပါ " ဆိုလိုက်ပါတယ်။

အဲသလို အတန်တန်တောင်းပန်တာကြောင့် နိပြောမင်းဟာ သာခကို ရာထူးရုပ်သိမ်းလိုက်တယ်။

ပြီး တိုင်းပြည်က နှင်ထုတ်လိုက်ပါတယ်။ တစ်မျိုးလုံး တစ်ဆွေလုံး နှင်ထုတ်လိုက်တယ်။

" ဒီလိုစိတ်ဓါတ် ဒီလိုအမျိုးတွေကို ငါ့နိုင်ငံထဲမှာ မရှိစေလိုလို့ပဲဟေ့ "

ပြီး ဘုရင် ကျောခိုင်းလိုက်တယ်။

တကယ်တော့လည်း ကျေးဇူးရှင်ကို ကျေးစွတ်တတ်သူ၊ ကျေးဇူးမသိတတ်သူဆိုတာ ဘယ်တော့မှ အရှည်ကောင်းကျိုးပေးရိုး ထုံးစံမရှိဘူးဆိုတာပါ။ လောကမှာ သမာဒေဝနတ်ကောင်းနတ်မြတ်ဆိုတာ ဒါ့အတွက် ရှိနေခဲ့တာပဲမဟုတ်ပါလား ဆိုတာပါ။

(ဒသကနိပါတ် နိဂြောဓဇာတ်) မှ

ooo

## ၈။ အပြုစိတ်ထားကိုယ်စီပွား

ရှေးလွန်လေပြီးသောအခါက ယာသမားနဲ့ ခွေး အကြောင်းပဲဖြစ်ပါတယ်။

ရွာတစ်ရွာမှာ ယာသမားကြီးတစ်ဦးရှိပါတယ်။ တစ်နေ့ တော့ သူဟာ ကန်စွန်းဥတွေစိုက်ပျိုးဖို့ရာ ယာတောထဲထွက်ခွာ လာခဲ့ပါတယ်။

တောထဲမှာ ကန်စွန်းဥတွေ စိုက်ပျိုးနေဆဲမှာပဲ၊ သူ့အနီး သို့ ခွေးအ,ကြီးတွေ ရောက်ရှိလို့လာခဲ့ပါတယ်။

ခွေးအ,ကြီးက ယာသမားကြီးကိုပြောလိုက်တယ်။

" မင်း ဘယ်မှမပြေးနဲ့၊ မင်းအသားတွေကို ငါ စားပစ် မယ် " ကြိမ်းမောင်းလိုက်ပါတယ်။

ယာသမားကြီးဟာ ခွေးအ,ကြီးကို ကြောက်ရွံ့လှပါတယ်။ ဒါကြောင့် -

" ချမ်းသာပေးပါ ခွေးအကြီးရယ်၊ ကျွန်တော့် အသား

တွေကို မစားပါနဲ့၊ တကယ်လို့ ကျွန်တော် ကန်စွန်းဥတွေစိုက်တာကိုသာ အသင်ခွေးအ,ကြီး ကူညီမယ်ဆိုရင် ကန်စွန်းဥတွေ ရလာတဲ့အခါ ကျွန်တော်ဟာ အမြစ်ပိုင်းကိုယူပြီးတော့ အပေါ်ပိုင်းကိုတော့ အသင့်ကို ပေးပါ့မယ် " လို့ ပြောလိုက်ပါတယ်။

ခွေးအ,ကြီးလည်း -

" ဒါဖြင့် ကောင်းပြီ၊ မင်းကို ငါ ချမ်းသာပေးလိုက်မယ်၊ ဒါပေမဲ့ သင်ဟာ သင့်ကတိကိုတော့ တည်မြဲပါစေနော်။ ကတိမတည်ခဲ့ရင် ကျုပ်ကတော့ သင့်အသားစားပစ်မှာပဲ " အဲဒီလို ပြောဆိုပြီးတော့ တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပါတော့တယ်။

အဲဒီလိုနဲ့ ကာလအတန်ကြာတော့ ကန်စွန်းဥခင်းတွေကြီးထွားလို့လာပါတယ်။

ကန်စွန်းဥတွေလည်း ဥလို့လာကြပါတယ်။ ဆောင်းဝင်စအချိန်သို့ရောက်တော့ ယာသမားကြီးဟာ ယာတောတွင်းသို့သွားပြီးတော့ ကန်စွန်းဥတွေကို တူးပါတော့တယ်။

အဲဒီမှာပဲ ခွေးအ,ကြီးရောက်လို့လာခဲ့ပါတော့တယ်။

ဒီတော့ ယာသမားကြီးနဲ့ အသင့်တွေ့တယ်။ ခွေးအ,ကြီးက -

" ကဲ . . . ဘယ်လိုလဲ ယာသမားကြီး၊ သင့်ကတိအတိုင်း ကန်စွန်းဥတွေ ဝေကြရအောင် " ခွေးအကြီးက ပြောလိုက်ပါတယ်။

အဲဒီတော့ ယာသမားကြီးက ပြောလိုက်ပါတယ်။

အဲဒီတော့ ယာသမားကြီးကလည်း -

" ကောင်းပါပြီ ခွေးအ,ကြီး၊ ဒီအပိုင်းတွေကတော့ သင့်အတွက်ပါပဲ " ဆိုပြီးတော့ ခွဲဝေပေးလိုက်ပါတယ်။

ခွေးအ,ကြီးလည်း ကျေနပ်လို့ တောထဲသို့ပြန်ဝင်လို့ သွားခဲ့ပါတယ်။

ယာသမားဟာ သူ့အတွက်ကျန်နေခဲ့တဲ့ ကန်စွန်းဥနီတွေကို နွားလှည်းပေါ်သို့ တင်လိုက်ပါတယ်။

အဲသလိုနဲ့ ဈေးမှာရောင်းချဖို့ မြို့ဆီကို တက်လို့လာခဲ့ပါတယ်။ လမ်းခရီးတစ်ဝက်မှာပဲ ခွေးအ,ကြီးနဲ့ သွားတွေ့လိုက်ပြန်ပါတော့တယ်။

" ဟင် "

" ဟဲ ဟဲ ဟုတ်တယ် "

ခွေးအကြီးက -

" သင်ဘယ်ကို သွားမလို့လဲ " လို့ မေးလိုက်ပါတယ်။

ယာသမားကြီးက မြို့ကို ကန်စွန်းဥတွေ သွားရောင်းမယ့်အကြောင်း ပြောလိုက်ပါတယ်။

ခွေးအကြီးက -

" ကန်စွန်းဥတွေ ဘယ်လိုအရသာမျိုးရှိတာ မြည်းစမ်းကြည့်ချင်ပါတယ် " လို့ ပြောလာပါတယ်။

ယာသမားကြီးဟာ ခွေးအကြီးကို ကန်စွန်းဥတစ်ဥ ပေးလိုက်ပါတယ်။

ခွေးအကြီးက ကန်စွန်းဥရဲ့ အရသာမှာ သိပ်ချိုမှန်း သိသွားခဲ့ပါတယ်။

ဒါကြောင့် ရုတ်တရက် ထအော်လိုက်ပါတယ်။

" သင်ဟာ လူလိမ်ပဲ၊ သင့်ရဲ့ကန်စွန်းဥတွေဟာ ငါ့ရဲ့ ဂေါ်ဖီထုပ်တွေထက် ပိုချိုပါတယ်၊ ဒါကိုသိရဲ့နဲ့ ငါ့ကို လှည့်ဖြား သွားတာပဲ၊ ဒီနေ့ကစပြီး ငါ့ရဲ့သစ်တောထဲကို သင် ဘယ်တော့မှ မလာပါနဲ့တော့၊ လာခဲ့ရင် သင့်ကို သတ်ပစ်ရလိမ့်မယ် " လို့ ကြိမ်း ဝါးပြောဆိုလိုက်တယ်။

အဲဒီနောက်မှာတော့ ဒေါသတကြီးနဲ့ ထွက်သွားခဲ့ပါ တယ်။ အဲဒီလိုနဲ့ နောက်တစ်နေ့သို့ရောက်ခဲ့တယ်။

ယာသမားဟာ မူလနေရာသို့ သွားရောက်ပြီး သူ့အပင် တွေကို စိုက်ပြန်တယ်။ ရိတ်သိမ်းပြီးတဲ့အခါ ရှေးယခင်ကအတိုင်း ပဲ ခွေးအ,ကြီးရောက်လာခဲ့ပြန်တယ်။

ခွေးအ,ကြီးက ယာသမားကြီးကိုပြောပါတယ်။

" ကဲ ဒီတစ်ခါတော့ ခင်ဗျား ညာမယ်မကြံနဲ့တော့၊ ကတိအတိုင်း ငါ့ရဲ့ဝေစုကိုပေး " လို့ တောင်းဆိုလိုက်ပါတယ်။

ယာသမားကြီးကလည်း အကြည်တသာပါပဲ။

" အို . . . ယူပါခင်ဗျား၊ ဒီတစ်ခါတော့ သင်က အမြစ်ပိုင်း ကိုယူမယ်၊ ပြောထားတဲ့အတိုင်း အမြစ်ပိုင်းကိုပဲ ယူပါတော့ "

ပြောရင်းက ပေးလိုက်ပါတယ်။

အဲဒီနောက်တော့ ယာသမားဟာ သူရဲ့ရပိုင်ခွင့်တွေကို နွားလှည်းပေါ်သို့တင်ပြီး သူ့အိမ်ဆီသို့ ပြန်ခဲ့ပါတော့တယ်။

ခွေးအ,ကြီးဟာ သူ့ရဲ့အပင်ရဲ့အမြစ်ကို ကိုင်ပြီးတော့ တောထဲသို့ ဝင်သွားခဲ့ပါတယ်။ ဒါပေမဲ့ အပင်ရဲ့ အရင်းပိုင်းမှာ ဘာမှ အရသာမှမရှိတာကိုတွေ့လိုက်ရတယ်။

ဒါကြောင့် ခွေးအကြီးဟာ သိပ်ကို စိတ်ဆိုးသွားပါတယ်။ သူ့ကို လှည့်ဖြားတယ်လို့ဆိုပြီး ယာသမားပေါ်မှာ အခဲမကျေ နိုင်ဖြစ်သွားတယ်ဆိုတာပါပဲ။ အဲဒီအချိန်ကစပြီးတော့ ခွေးအ,နဲ့ ယာသမားတို့ဟာ တစ်ဦးနဲ့တစ်ဦး သိပ်ကိုမုန်းတီးကြတဲ့ ရန်သူတွေ ဖြစ်သွားကြတယ်ဆိုတာပါပဲ။

ခွေးအ,ဟာ အထူးသဖြင့် သခွားသီးကို စားသုံးတတ် တယ်။ ယာသမားကြီးမှာ အသေအလဲ ကာကွယ်စောင့်ရှောက်လို့ နေရတယ်ဆိုတာပါပဲ။

ခွေးအ,ကြီးဟာ သူဆုံးဖြတ်တာ မှန်မမှန်မစစ်ကြောနိုင် ပါပဲ။ သူ့ခွန်အားကို အားကိုးကာ အားနဲ့မာန်နဲ့ ဒေါနဲ့မောနဲ့ ပြောဆိုပြုမူလုပ်ကိုင်လို့ နေပါတော့တယ်။

တကယ်တော့ ဗလခွန်အားထက် နှလုံးသားမှာနူးညံ့ ပျော့ပျောင်းအေးဆေးပါမှ အားလုံးညီနိုင်း ပြောဆိုဖြေရှင်းလို့ ရကြမယ်ဆိုတာပါ။

၀၀၀

## ၉။ ပြောမယုံကြုံမှသိမယ်

ထူးဆန်းတဲ့နွားကလေးရဲ့ ဇာတ်လမ်းပဲဖြစ်ပါတယ်။

တစ်ချိန်တုန်းကပဲဖြစ်ပါတယ်။ ကျေးရွာတစ်ရွာမှာ ဖြစ်ပွားခဲ့တာပါပဲ။ ရွာအပြင်ဘက်ရဲ့ လမ်းပေါ်မှာပဲဖြစ်ပါတယ်။

နွားကလေးတစ်ကောင်ကို လူတစ်ယောက်က ကြိုးနဲ့ ဆွဲထားပါတယ်။ တစ်ယောက်ကတော့ ကြိမ်နဲ့ ရိုက်လို့နေပါတယ်။

နွားကို တစ်နေရာက ဝယ်ယူလာခဲ့ကြတာပဲဖြစ်ပါတယ်။

" ဟေ့ နွားစုတ် မြန်မြန်သွားကွာ၊ အသုံးမကျတဲ့နွားစုတ် နွားပဲ့ " နွားကလေးမှာ သိပ်သွားချင်ပုံမရ။ ခပ်ယိုင်ယိုင်နဲ့ အား ယူသွားနေပါတယ်။

ကြိုးဆွဲသူနဲ့ အနောက်ကမောင်းနေသူတို့ကတော့ အတိုင် အဖောက်ညီညီနဲ့ပဲ နွားကလေးကို မောင်းမဲလို့ နေနေကြပါ တော့တယ်။

အဲဒီလိုနဲ့ လာခဲ့ကြတယ်။

သူတို့မြို့ရောက်ဖို့ မိုင်ဝက်အလိုလောက်မှာတော့ သူတို့ဟာ သရက်ပင်အိုကြီးရဲ့အောက်တစ်နေရာမှာ ခေတ္တအပန်းဖြေနားနေလိုက်ကြပါတယ်။

" ရှေ့ကွာ၊ ရေသောက် "

" အေး အေး "

အဲဒီမှာ နွားကလေးဟာ အမှတ်မထင်ကြိုးကိုင်ထားတဲ့ သူရဲ့လက်အတွင်းက ဆောင့်ရုန်းလိုက်ပါတယ်။

ပြီးတော့ နဂိုမူလနွားမဟုတ်တော့သလိုပဲ တစ်ဟုန်ထိုး ထွက်ပြေးလို့သွားခဲ့ပါတော့တယ်။

" ဟေ့ ပြေးပြီ၊ ဟေ့ ပြေးပြီ "

" ဟုတ်တယ်၊ ဟုတ်တယ်၊ ဖမ်းဖမ်း "

" မိရင်တော့အသေပဲ "

လူနှစ်ယောက်စလုံးမှာ ရုတ်တရက်မင်တက်မိသွားကြပါတယ်။ နွားကလေးကလဲ ပြေးမှပြေးပဲ ခဏလောက်ကြာမှပဲ တစ်ယောက်သောသူက စိတ်ဆိုးဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။

" ဟေ့ကောင် လိုက်လေ၊ ဘာငေါင်နေတာလဲ၊ လိုက်လိုက် မြန်မြန်လိုက်ဟေ့ "

နှစ်ယောက်သား ပြေးလိုက်ကြပါတော့တယ်။

" ဟင် နွားပါးဝတယ်၊ နင်တော့အသေပဲ "

" တစ်ခါတည်း သတ်ပစ်မှာ "

နွားကလေးဟာ တရစပ်ပြေးနေပါတယ်။ သူတို့နောက် ကလည်း နွားပိုင်ရှင်တွေက လိုက်နေကြပါတယ်။

နံဘေးမှာတော့ ပေတစ်ထောင်ကျော်အမြင့်ရှိတဲ့ တောင် တစ်တောင်ရှိပါတယ်။

နောက်ဆုံးတော့ နွားကလေးဟာ လမ်းမပေါ် ပြေးနေ ရာက ချက်ချင်းပဲ လမ်းဘေးပြောင်းလိုက်ပြီးတော့ တောင်ပေါ် ဆီ ပြေးတက်လို့သွားပါတော့တယ်။

" ဒီနွားစုတ်က ဒုက္ခတော့ပေးပြန်ပြီကွာ "

" မိရင် တစ်ခါတည်းသာ သတ်ပစ်လိုက်ကွာ "

" မိရင်အသေပဲ "

လူနှစ်ယောက်ဟာ ချုံနွယ်ပိတ်ပေါင်းထူထပ်လှတဲ့ တောင်ပေါ်တက်နေကြရတယ်။

အတက်ရခက်တဲ့ တောင်ထိပ်ကို သူတို့ ကုတ်ကတ်တက် နေရပါတယ်။

" သိပ်ဒုက္ခပေးတဲ့နွား ဟင်း "

နွားကလေးကို မျက်ချည်ပြတ်သွားကြတယ်။ နံဘေးကို ကြည့်လိုက်ကြတော့ တောင်ပေါ်မှာတော့ တောရကျောင်းတစ် ကျောင်း ရှိနေပါတယ်။

သူတို့ဟာ ဆာဆာနဲ့ ရေအိုးစင်ကရေကို သောက်ပြီး တော့ အားမွေးလိုက်ကြပါတယ်။

ပြီးတော့ သူတို့ကို အကဲခတ်ကြည့်နေတဲ့ ဘုန်းတော်ကြီး ကို ဝတ်ပြုကြပါတယ်။

" လာ လာ ထိုင်ကြ ထိုင်ကြ "

" မှန်ပါ "

" အော် ဒကာတို့ကို ကြည့်ရတာ မင်ပန်းလိုက်တာ "

" မှန်ပါ "

" ဒါနဲ့ ဘာကိစ္စ လာကြတာတုံးကွဲ့ "

လူနှစ်ယောက်က ဖြစ်ကြောင်းကုန်စင် လျှောက်ထား လိုက်တယ်။ ဝယ်ခဲ့ရတဲ့ နွားကလေး အပျောက်မခံနိုင်တာကြောင့် ဘုန်းတော်ကြီး ရှိခိုးပြီးတော့ သုတ်ခြေအမြန်တင်ထွက်လာကြ တယ်။

" ဒီနွား ပျောက်သွားရင်တော့ ဒုက္ခကျွ၊ ပိုက်ဆံကမနည်း ဘူး "

" တွေ့အောင်မရှာလို့မဖြစ်ဘူးကွာ၊ ပျောက်ရင် အားလုံး ကုန်ရော "

သူတို့နှစ်ယောက် လျှောက်ရင်း တီးတိုးပြောနေကြပါ တယ်။ ဒါကိုတွေ့သွားပြီး ဘုန်းကြီးက -

" အင်း တကာတို့ရဲ့ ဒုက္ခကလဲ မသေးလှပါလား "

သူတို့ထွက်သွားပြီး မကြာမီမှာ အလွယ်တကူပဲ နွားကို တွေ့လိုက်ရပါတယ်။

သူတို့ လိုက်ရှာကြစဉ်ခိုက်မှာ အံ့ဩစရာ တွေ့လိုက်ရပါ တယ်။

နွားကလေးဟာ တောင်ထိပ်ပေါ်က ဂူဘုရားရှေ့မှာ လက်နှစ်ဘက်ယှက်ပြီး ဘုရားဝတ်ပြုနေတာကို နှစ်ယောက်သား တွေ့မြင်လိုက်ရပါတော့တယ်။

ဒါပေမဲ့ လူနှစ်ယောက်မှာ စိတ်ဆိုးနေကြသူတွေပီပီ တစ်ဦးက ကြိုးစကို ဆွဲထားလိုက်တယ်။

တစ်ဦးက တုတ်နဲ့ရိုက်ပါတယ်။ သူ့နှုတ်ကလည်း -

" ကဲဟာ ကဲဟာ ဒီလောက်တောင်ထွက်ပြေးချင်ဦး၊ ကဲ ကဲ ဖုန်း ဖုန်း "

ရိုက်သံတွေ နွားကလေးရဲ့အော်သံတွေနဲ့ ဆူညံလို့ နေပါတယ်။ အဲဒီဆူညံသံတွေကြောင့် တောရဘုန်းကြီးဟာ သူတို့ဆီ အမြန်ရောက်လို့လာခဲ့ပြန်ပါတယ်။

" တကာတို့ နွားကလေးကို မညှင်းဆဲကြပါနဲ့တော့၊ တကာတို့ ဝယ်ခဲ့တဲ့ဈေး ကျုပ် ပေးပါ့မယ်။ ဘုရားရဲ့ ဘေးမဲ့နွားအဖြစ်နဲ့ ဝယ်ခွင့်ပြုပါ "

သူတို့နှစ်ယောက်မှာ ငိုင်နေရကြရာက တစ်ဦးသောသူက

" မှန်ပါ၊ ဒါဖြင့်လဲ ဝယ်ရင်းဈေးနဲ့ပဲ ယူပါတော့ဘုရား "

" အေး အေး "

ဒီလိုနဲ့ အားလုံးကိစ္စပြီးသွားခဲ့ကြပါတယ်။

နွားကလေးဟာ နေ့စဉ် ဘုရားဝတ်ပြုပါတယ်။ အစာကို မနက်တစ်ကြိမ်သာစားပါတယ်။

ညနေအတွက် ပြင်ဆင်ပေးပေမယ့် တစ်ခါမှ မစားပါဘူး။ သူရဲ့အညစ်အကြေးတွေ တောင်အောက်သို့သာ သွားပြီးစွန့်ပါတယ်။ ဘုန်းကြီးက အမျှပေးရင် သာဓုခေါ်တတ်ပါတယ်။

" အမျှ အမျှ အမျှ "

" အွန့် အွန့် အွန့် "

ဆိုခဲ့တဲ့အတိုင်း နွားကလေးက ဝတ္တရားမပျက် ပြုမူနေထိုင်တတ်ပါတယ်။ တကယ်ချစ်စရာပြုမူချက်တွေပါပဲ။

ဒီလိုနဲ့ တစ်ယောက်စကား တစ်ယောက်နား သတင်းတွေကြားတာကြောင့် အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေသည်ကို ရောက်လာကြပါတယ်။

နွားကလေးဟာ သူ့ကိုခေါ်ရင် နားရွက်နှစ်ဖက်လှုပ်ပြီး မျက်လုံးကလေးဖွင့်ပြီး ထူးတတ်ပါတယ်။

" ဗျို့ အလှူတကာကြီး "

" အွန့် အွန့် "

ဒီလိုနဲ့ အလှူငွေတွေကို တောင်ပေါ်ဘုရားလေးမှာ ထုံးသင်္ကန်းနဲ့ ထီးတော်သစ်ပါ တင်လှူနိုင်ခဲ့ကြပါတော့တယ်။

နွားကလေးကို အကြောင်းပြုပြီးတော့ ခုတော့ ဒီနေရာဒီဒေသ ဒီတောင်လေးမှာ သာသနာအလုပ်တွေ ထွန်းလို့ပြောင်လို့ပါပဲ။

အတိတ်ကုသိုလ်ကံကြောင့် တိရစ္ဆာန်ဘဝ ရောက်ခဲ့ရပေမယ့် ပစ္စုပ္ပန်ကုသိုလ်ကံအကျိုးဆက်ကြောင့် နွားကလေးဟာ အသက်ဘေးမှ လွတ်မြောက်ခဲ့ရပါတယ်။

ဒါထက်မက ဘုရားရိပ်တရားရိပ်မှာ အေးအေးချမ်းချမ်း နေနိုင်စွမ်း အကျိုးတရားခံစားရရှိနိုင်ခဲ့တာဟာ ကုသိုလ်ကံ အကြောင်းတရားပဲ မဟုတ်ပါလား၊

သတ္တဝါတို့ဘဝဟာ အံ့ဩစရာအတိပါ။

ထူးခြားဆန်းကြယ်လွန်းလှကြတဲ့ ကုသိုလ် အကုသိုလ် ကံအကြောင်းတရား ဆိုတာကလည်း ဆန်းကြယ်လွန်းလှကြပါ တယ်။ မိမိတို့တွေ ဘဝမှာ တစ်စုံတစ်ရာကို ဇွတ်တရွတ်မလုပ် မိကြဘဲ အလိုက်သင့်ဆုံးဖြတ်ပြုမူ ကျင့်ကြံသွားကြဖို့ပဲဆိုတာပါ။ တစ်ဖက်သားရဲ့ ကံဆိုတာကိုလည်း စဉ်းစားကြဖို့ရာပါ နှလုံးသွင်း ကောင်းကြဖို့ရာပါ။

" နေတတ်ရင် တစ်နေ့တာလုံး လုပ်သမျှဟာ မြင့်မြတ်တဲ့ ကျင့်စဉ်ဖြစ်ပါတယ် "

**ဆရာတော်ဦးဇောတိက၊**
(မဟာမြိုင်တောရ)

ooo

## ၁၀။ ဘာလဲဟဲ့လောကစံ

တစ်ရံရောအခါကပဲဖြစ်ပါတယ်။

ပြည်နယ်တစ်ခုမှာ ဖခင်ကြီးသေဆုံးသွားပြီးတော့ မိခင်နဲ့အတူလုပ်ကိုင်နေထိုင်ကြတဲ့ ညီအစ်မနှစ်ယောက် ရှိကြပါတယ်။

အစ်မဟာ သွက်လက်ဖျတ်လတ်ပြီးတော့ အလုပ်အကိုင်မှာ တော်ပါတယ်။ ဒါပေမဲ့ စိတ်ထားကတော့ မကောင်းလှသူဖြစ်တယ်။

ညီမမှာတော့ စိတ်ကောင်းရှိပေမယ့် အလုပ်အကိုင်လုပ်ရာမှာ ဖျတ်လတ်သွက်လက်တာမရှိပါဘူး။ သိပ်ကို ထုံထိုင်းသူပဲဖြစ်ပါတယ်။

ဖခင်မရှိတဲ့နောက် အစ်မက စားဝတ်နေရေးအတွက်ရှာဖွေနိုင်ပေမယ့် ညီမမှာတော့ စိတ်ကောင်းရှိရုံအပြင် ငွေရေးကြေးရေးလဲ မရှာဖွေနိုင်တာမျိုးမရှိပါဘူး။

ကြာတော့ စိတ်ကောင်းမရှိတဲ့ အစ်မဖြစ်သူက ညီမကိုပြောလာပါတယ်။

" နင့်ကို ငါ ကြာရှည်ကျွေးမထားနိုင်တော့ဘူး၊ နင်ဟာ ငါ့လို ရှာဖွေနိုင်သူမဟုတ်သလို အိမ်မှာမနေရင်တော့ တခြား တစ်နေရာမှာပဲ ဖြစ်သလိုနေထိုင်ပေတော့ "

အဲသလိုပြောဆိုပြီး အိမ်ပေါ်က နှင်ချပစ်လိုက်ပါတယ်။ ညီမငယ်လည်း အစ်မက နှင်ပစ်လိုက်တာကြောင့် အိမ်ကထွက် ခွာဖို့ ပြင်ဆင်ပါတယ်။

အဲဒီလိုပြင်ဆင်ပြီးသွားတဲ့အခါ မိခင်ကြီးက ပြောပြနှုတ် ဆက်ပါတယ်။

အဲဒီမှာ မိခင်ဖြစ်သူက အစ်မဖြစ်သူကို စိတ်ဆိုးသွား တယ်။

" နင့်အစ်မက နှင်ပစ်လိုက်လို့ရှိရင် ငါလည်း နင်နဲ့ အတူပဲ လွတ်ကျွတ်ရာကို လိုက်ခဲ့မယ် "

အဲသလိုပြောဆိုပြီးတော့ သားအမိနှစ်ယောက် အဲဒီအိမ် က ထွက်ခွာလို့ လာခဲ့ကြပါတော့တယ်။

သူမတို့သားအမိနှစ်ယောက်ဟာ ခြေဦးတည့်ရာ ထွက်ခွာ လာခဲ့ကြပါတယ်။ အဲဒီလိုနဲ့ပဲ တောင်ခြေရင်းကိုရောက်ခဲ့ကြတယ်။ အဲဒီမှာ လူသူမရှိတဲ့ အိမ်ကလေးတစ်လုံးကို မြင်တော့ ဝင်သွား ခဲ့ကြတယ်။

အဲဒီညမှာ အဲဒီအိမ်ကလေးမှာပဲ ညအိပ်ကြပါတယ်။ နံနက်မိုးလင်းတဲ့အခါမှာတော့ သမီးငယ်ဖြစ်သူဟာ တောင်ခြေ ရင်းတောစပ်မှာ ထင်းတွေခွေပါတယ်။

ထင်းတွေခွေပြီးတဲ့အခါ အဲဒီတောင်ခြေရင်းမြို့ကလေးမှာ ထင်းရောင်းဖို့ ထွက်ခဲ့ပါတယ်။

အဲဒီလိုနဲ့ ထင်းရောင်းပြီး ဈေးဝယ်ပြန်လာတဲ့အခါ လောက်လောက်ငငရှိခဲ့ပါတယ်။ ထင်းဖိုးရောင်းရငွေနဲ့ သားအမိနှစ်ယောက် နေထိုင်ကြပါတယ်။

သမီးငယ်ဟာ မိခင်ကြီးကို နေ့စဉ် ထင်းရှာရောင်းပြီး ကျွေးမွေးပြုစုပါတယ်။

သမီးငယ်ဟာ ဒါပေမဲ့ မကျေနပ်ပါဘူး။ အခါတိုင်းကဲ့သို့မဟုတ်ပါပဲ အနေအထိုင်ဆင်းရဲတဲ့ မိခင်ကြီးကို ပြောရှာပါတယ်။

" အမေ ခုလိုကြာရှည်ဆင်းရဲလို့ မနေနိုင်ရပါဘူး၊ သမီးရှာဖွေပြီး အမေ အရင်တုန်းကနေသလို နေရအောင် ကြိုးစားပါ့မယ်၊ အမေ စိတ်ချမ်းသာအောင် နေပါနော် "

အားပေးနှစ်သိမ့်စကားဆိုရှာပါတယ်။

တစ်နေ့မှာတော့ တောထဲသို့သွားပြီး ထင်းခွေထွက်လာခဲ့ရာမှာတော့ တောင်စောင်းတစ်နေရာမှာ ထူးဆန်းရုပ်ပုံသဏ္ဍာန်တစ်ခုကို ထူးထူးဆန်းဆန်း တွေ့မြင်လိုက်ရပါတယ်။

သူမဟာ ရုပ်ပုံကို အသေအချာစိုက်ကြည့်ရင်းက စဉ်းစားမိလိုက်ပါတယ်။

" ဒါဟာ ဒီတောတောင်ထဲမှာ အရေးကြီးတဲ့ ရုပ်ထုတစ်ခုဖြစ်တန်ရာပါတယ် " လို့ တွေးတောမိပါတယ်။

ဒါကြောင့် အားငယ်စိတ် ပြေပျောက်စိမ့်သောငှာရယ် အားကိုးလိုစိတ် ယိုဖိတ်သဒ္ဒါရယ်ကြောင့် ရုပ်ပုံကြီးရှေ့မှာ ထိုင်ချလျက် ဆုတောင်းလိုက်မိပါတယ်။

" အရှင်ကြီးရယ် အရှင့်ကို အမွှေးတိုင်နဲ့ ပသပါတယ်၊ အခု ဒီအနီးအနားမှာ နေထိုင်တဲ့ သမီးမိခင်ဟာ အိမ်ကအစ်မက ငြိုငြင်လို့ ထွက်လာခဲ့ကြရတာပါ၊ ဒီအရပ်မှာ မှီတင်းနေထိုင်ကြရလို့ အရှင့် သမီးတို့ လုံခြုံအေးချမ်းဖို့ ကူညီစောင့်ရှောက်ပေးပါ အရှင် "

သူမဟာ မျက်ရည်တွေပါကျရင်း လှိုက်လှိုက်လှဲလှဲ ရင်ဖွင့်တိုင်တည်လိုက်ပါတယ်။

အဲဒီခဏမှာပဲ အဲဒီရုပ်ထုကြီးဟာ ထူးထူးဆန်းဆန်း သူ့ပါးစပ်ကြီးဖွင့်ဟလို့ လာခဲ့ပါတယ်။ ပြီးမှ -

" ကောင်းပါပြီ သမီးလေး၊ အသင်ဟာ မိခင်းကြီးကို ရိုးရိုးသားသား ဆင်းဆင်းရဲရဲ ရှာဖွေလုပ်ကိုင်ကျွေးမွေးနေသူဖြစ်တာကို သိရလို့ ဝမ်းသာပါတယ်၊ မနက်ဖြန်ခါ သမီးထင်းခွေလာခဲ့ရင် တောင်းတစ်လုံးယူလာခဲ့ပါ "

" မှန်ပါ "

သူမနှုတ်က အလိုလို ထွက်မိလိုက်ပါတယ်။ ရုပ်ထုကြီးက ဆက်ပြောပါတယ်။

" အဲဒီတောင်းကို ကျုပ်ပါးစပ်အောက်မှာ တောင်းကိုချထားပြီးနေပါ၊ ကျုပ်ပါးစပ်က ရတနာပစ္စည်းတွေကျလာပါလိမ့်မယ်၊ အဲဒီလိုကျလာခဲ့ရင် တောင်းအပြည့်ယူနိုင်ပါတယ်၊ ဒါပေမဲ့

ရွှေအစလေးတစ်စလောက်မျှ အပြင်ကို မယိုဖိတ်ပါစေနဲ့၊ ဒါကို
တော့ သတိထားပါ ”

အဲသလိုပြောပြီးတော့ သူမူလအတိုင်း ပါးစပ်က ပြန်စေ့
သွားခဲ့ပါတယ်။

နောက်တစ်နေ့ နံနက်မှာတော့ ရုပ်ထုကြီးရှေ့မှာ တောင်း
ကိုချလိုက်တော့ ပါးစပ်ဟပေးပြီးတော့ ရတနာပစ္စည်းတွေ
တရဟော ထွက်ကျလာတာ တွေ့လိုက်ရပါတယ်။

သမီးငယ်ကလည်း ရတနာပစ္စည်းတွေကို တောင်းနဲ့
အပြည့် ခံယူလိုက်ပါတယ်။

တောင်းမှာပြည့်တော့ “ တော်ပါပြီ ” လို့ပြောလိုက်တော့
ရုပ်ထုပါးစပ်ကြီးလည်း ပြန်ပိတ်လို့သွားခဲ့ပါတယ်။

သူမဟာ ရတနာပစ္စည်းတွေကို ထမ်းပြီးတော့ ပြန်လာ
ခဲ့ပါတယ်။

အဲဒီလိုနဲ့ အိမ်ကိုပြန်ရောက်လာတဲ့အခါမှာတော့ ရောင်း
ချပြီးတော့ အိမ်ကြီးတစ်လုံးဆောက်လုပ်ပြီးတော့ ချမ်းချမ်း
သာသာ နေထိုင်ခဲ့ပါတော့တယ်။

သားအမိနှစ်ယောက်တို့ဟာ အိမ်ကြီးနဲ့နေပြီးတော့ နွား
အုပ်တွေပါ မွေးထားကြပြီးတော့ ပြည့်ပြည့်စုံစုံ နေထိုင်နိုင်ခဲ့ကြ
ပါတယ်။

သမီးအငယ်ဖြစ်သူဟာ သူ့တာဝန်ဝတ္တရားအရ
လယ်တောကို နေ့စဉ် အလုပ်ထွက်လေ့ရှိနေခဲ့ပါတယ်။

တစ်နေ့မှာတော့ ယာတောထဲသို့ ထွက်လာစဉ်မှာတော့ သူတို့ချမ်းသာနေကြောင်းသိသွားတဲ့ သမီးကြီးဖြစ်သူဟာ သူ့မိခင်ဆီ စုံစမ်းရောက်ရှိလို့လာခဲ့ပါတယ်။

မိခင်ကြီးကလည်း သူမအပေါ်မှာ ဆိုးခဲ့တာတွေကို မေ့ပစ်လိုက်ပြီးတော့ ကောင်းကောင်းမွန်မွန် ဧည့်ခံကျွေးမွေးပြုစုစောင့်ရှောက်ရှာပါတယ်။

အဲဒီအခိုက်မှာပဲ သမီးငယ်ပြန်ရောက်လို့ လာခဲ့ပါတယ်။ ညီအစ်မနှစ်ယောက်တွေ့ကြတယ်။ ပျော်ကြတယ်။ ညီမလေးက သူမတို့ ဘယ်ပုံချမ်းသာလာကြောင်း စိတ်ကောင်းစေတနာကောင်းရှိသူကို သူတော်ကောင်းနတ်ကောင်းနတ်မြတ်တို့ စောင့်ရှောက်တတ်ပုံနဲ့ မိဘကိုလုပ်ကျွေးလို့ ဒုက္ခဆင်းရဲ မရောက်ရပုံတွေကို ပြောပြလိုက်ပါတယ်။

ညီမလေးက သူ့အစ်မကို ခုလို ချမ်းသာလိုပါက တောင်စောင်းသို့သွားပြီးတော့ သူတော်စင်ရှုပ်ထုရုပ်ပုံဆီမှာ ရတနာရွှေငွေတွေတောင်းဖို့ အကြံဉာဏ်ပေးလိုက်ပါတယ်။

အစ်မကြီးလည်း တောင်စောင်းဆီသို့သွားပြီးတော့ ရုပ်တုကြီးရှေ့မှာ အမွေးတိုင်နှစ်တိုင်ထွန်းပြီးတော့ ရတနာပစ္စည်းတွေပေးဖို့ ဆုတောင်းလိုက်ပါတယ်။

အဲဒီအခါမှာ ရုပ်တုကြီးက ပြောလာပါတယ်။

“ ကောင်းပြီး မနက်ဖြန်မှာ တောင်းတစ်လုံးယူခဲ့ အဲဒီတောင်းနဲ့ခံယူပါ ” လို့ ဆိုလိုက်ပါတယ်။

" မှန်ပါ "

" အဲဒီရွှေစငွေတွေကို မြေကြီးမှာတော့ လုံးဝ မကျစေပါနဲ့ ကျရင် ဘေးတွေ့ရလိမ့်မယ် "

နောက်တစ်နေ့ မနက်မှာတော့ သမီးကြီးဟာ တောင်းကိုယူပြီး ကျောက်ရုပ်ရှေ့မှာ ပါးစပ်အောက်ချလိုက်တဲ့အခါ အဲဒီပါးစပ်ထဲက ရတနာတွေ ကျလာခဲ့ကြပါတယ်။

သူမဟာ လောဘကြီးလွန်းတာကြောင့် ရွှေစငွေစတွေ ဖိတ်စင်ကျလာတဲ့ဟာကို ဒေါမောနှမြောစွာ ကြည့်နေမိပါတယ်။

အဲဒီအခိုက်မှာ ရုပ်တုကြီးက သူ့ပါးစပ်ထဲ ရွှေစကို ငုံပြီးတော့ -

" ငါ့ပါးစပ်က ရွှေတုံးကို သင့်လက်နဲ့ နှိုက်ယူလိုက်ပါ၊ ငါ့လည်ပင်း နင်နေလို့ပါ "

ရုပ်တုကြီးက ပြောတာကြောင့် လက်နဲ့နှိုက်လိုက်ပါတယ်။ ရုပ်တုကြီးပါးစပ်က စေ့သွားပါတယ်။ ဒါပေမဲ့ လက်ကိုတော့ ပြန်နှုတ်မရဖြစ်နေရပါတော့တယ်။

သူမက တအားနဲ့နှုတ်ပေမယ့် ပါးစပ်ထဲမှာ ရှိနေတဲ့ လက်က လုံးဝကို နုတ်လို့မရတော့ပါ။ ကြာတော့ လက်နဲ့ ပါးစပ်ကြီးပါ ကျောက်သားအတိဖြစ်သွားရပါတော့တယ်။

အဲဒီလို ပါးစပ်ထဲမိပြီးတော့ ကျောက်ဖြစ်သွားတာကြောင့် အိမ်သို့မပြန်နိုင်တော့ပဲ မိုးချုပ်လို့ သွားခဲ့ပါတယ်။

ဒါကြောင့် သူမရဲ့ ခင်ပွန်းဖြစ်သူဟာ တောစပ်သို့လိုက်လာခဲ့ပါတယ်။ အဲဒီမှာ ဒုက္ခရောက်နေတဲ့ သူ့ရဲ့ဇနီးကို တွေ့လိုက်ရပါတယ်။

အဲဒီမှာ ခင်ပွန်းသည်လည်း သူ့အိမ်သို့ မပြန်နိုင်တော့ဘဲ သူ့ဇနီးသည်အတွက် အစားအသောက်တွေကို ယူပြီးတော့ ကျွေးမွေးပြုစုရရှာပါတယ်။

အဲဒီလို ရုပ်တုကြီးရဲ့ပါးစပ်ထဲမှာ မိပြီးတော့ နေ့ဝေါင်းများစွာကြာရှိလို့သွားခဲ့ပါတယ်။

ခင်ပွန်းသည်ကပဲ လာပြီးတော့ နေ့စဉ်ရက်ဆက် အစားအသောက်တွေကိုယူပြီးတော့ ကျွေးမွေးပြုစုနေရရှာပါတယ်။

နေ့စဉ် အိမ်မှုကိစ္စအတွက်ကိုလည်း ဇနီးသည်မရှိတာကြောင့် လုပ်ကိုင်ရရှာပါသေးတယ်။

ကြာတော့ သူတို့ရဲ့ ပစ္စည်းအစစ ကုန်လိုက်လာပါတယ်။ ကြာတော့ မွဲသွားပါတယ်။

ယောကျ်ားမှာလည်း ဆင်းရဲလွန်းတာကြောင့် မိန်းမထံသို့ ထမင်းလာပို့တိုင်း ငိုယိုလေ့ရှိနေပါတော့တယ်။

တစ်နေ့ ထမင်းလာပို့ရာမှာ -

" မိန်းမရယ်၊ အခု ကျုပ်တို့ သားအဖနှစ်ယောက် ရှာဖွေတာနဲ့ မစားလောက်လို့ ရှိတဲ့အိမ်လည်း ရောင်းလိုက်ရပြီ။ နွားအုပ်ကြီးကိုလည်း ရောင်းလိုက်ရပြီ၊ လယ်တောတွေလဲ ရောင်းလိုက်ရပြီ၊ ခုတော့ တို့ တကယ် မွဲသွားပါပြီကွာ "

ယောက်ျားတန်မဲ့ ငိုယိုပြောရှာပါတယ်။

အဲဒီမှာ ရုပ်တုကြီးက ပါးစပ်ကြီးဟလိုက်ပြီးတော့ -

" အား ဟား ဟား ဟား " လို့ ကျယ်ကျယ်လောင်လောင်လေး ရယ်လိုက်ပါတယ်။

အဲဒီလိုရယ်လိုက်စဉ်မှာ ပါးစပ်ထဲမိနေတဲ့ လက်တစ်ဘက်ဟာ အကောင်းပကတိဖြစ်လာပါတယ်။ လက်ကို ဆွဲနှုတ်လိုက်တော့ ပါးစပ်ထဲက လွတ်သွားခဲ့ပါတယ်။

လက်လွတ်သွားတော့ သူတို့ဟာ ချက်ချင်းပဲ အိမ်ဆီသို့ ပြန်ပြီးတော့ ချမ်းသာနေတဲ့ ညီမကို အကျိုးအကြောင်းကို ပြောပြလိုက်ကြပါတယ်။

သူတို့ညီမကလည်း အစ်မကြီးဟာ စိတ်ကောင်းမရှိတတ်ပဲ လောဘကြီးလွန်းတာကို သိထားပြီးဖြစ်တာကြောင့် -

" ကဲလေ အစ်မ၊ ဘာမှ စိတ်မပျက်ပါနဲ့၊ အစ်မကြီးက လောဘကြီးလွန်းလို့ အခုလို ဒုက္ခဖြစ်ခဲ့ရတာပါ " ပြောပြီးတော့ ယာတစ်ခင်းကို ပေးလိုက်ပါတယ်။

လောဘကြီးပြီးတော့ စိတ်ကောင်းမရှိတဲ့သူ အစ်မကြီးမှာလည်း အဲဒီနေ့ကစပြီးတော့ ညီမပေးတဲ့ ယာကလေးကိုလုပ်တယ်။ ရတတ်သမျှနဲ့ ရောင့်ရဲနေထိုင် စားသောက်ပါတယ်။ ပြီးတော့ ညီမပြောတဲ့ ဘုရား တရား သံဃာ ရတနာသုံးပါး ယုံကြည်လိုက်စားတယ်။ ကံတရားကို ယုံစားလာခဲ့ပါတယ်။

လောကမှာ လုပ်တိုင်းမဖြစ်၊ ဖြစ်တိုင်းမမြဲတဲ့ သဘောတွေနဲ့ လောကဓံတရားသဘောသဘာဝကို ယုံစားနားလည်လို့ လာခဲ့ပါတယ်။ တကယ်က ချမ်းသာဆင်းရဲတာမဆန်းပါ။ လောကမှာ ရပ်တည်နေထိုင်ရေးသာ အဓိကဆိုတာဖြစ်ပါတယ်။

ဘာလဲဟဲ့လောကဓံ၊ လောကဓံခံနိုင်ရေးသာအဓိက။

ဘဝမှာ မတုန်လှုပ်ရေးတရားသာ အခရာ ဖြစ်တယ်။ အဲဒါဟာ အဓိကစိတ်ပဲ။ စိတ်ဓာတ်ပြတ်သား ရှိုးသားနေထိုင်ရေးဆိုတာ လေ့ကျင့်ပွားများအားထုတ် တည်ဆောက်ကြံခိုင်သွားနိုင်ရေးသာဆိုတာပါပဲ။

“ စိတ်ငြိမ်းချမ်းမှုထက်ပိုပြီး တန်ဖိုးရှိတဲ့အရာ ဘယ်လိုအရာမျိုးမှ မရှိပါဘူး ”

**ဆရာတော်ဦးဇောတိက**
(မဟာမြိုင်တောရ)

ဝဝဝ

## ၁၁။ ရွာစားကြီးနဲ့ မင်းသုံးမင်းဆောင်
(ရခိုင်ပုံပြင်)

တစ်ရံရောအခါကဖြစ်ပါတယ်။

ရှေးတုန်းက ရွာစားကြီးတစ်ယောက်ရှိပါတယ်။ သူဟာ ဆပ်ပြာမွှေးကို မသုံးဖူးပါဘူး။ တိုင်းပြည်တွင်းမှာ အသုံးပြုနေကြတဲ့အကြောင်းကို သူမသိပါဘူး။ ဆပ်ပြာမွှေး ရောင်းသူတွေက ရောင်းချရေးမှာ တွင်ကျယ်လို့လာပါတယ်။ ဒါကြောင့် နည်းအမျိုးမျိုးနဲ့သာ ကြော်ငြာခဲ့ကြပါတယ်။

" မင်းသုံးက ခါတုံးထက်ဆိုတဲ့အတိုင်း အကြီးအမှူးတွေနဲ့ ချည်းကပ်ကြော်ငြာခဲ့ကြပါတယ်။ အဲဒီ အကြီးအမှူးတွေကို ကြော်ငြာအဖြစ် လက်ဆောင်ပို့ပြီးလည်း ဖြန့်ဝေလာခဲ့ကြပါတယ်။ ကုန်သည်တွေရဲ့ နည်းပရိယာယ်ကြောင့် ဘုရင်ခံ နယ်စား မြို့စား ဆီပါမကျန် ဆပ်ပြာမွှေးတွေနဲ့ ပြန့်နှံ့လို့ သွားနေပါတယ်။

တစ်ခါမှာတော့ အဲဒီရွာစားထံသို့ ကြော်ငြာအဖြစ်နဲ့ ဆပ်ပြာမွှေးတွေ လက်ဆောင်ရောက်ရှိလာခဲ့ပါတယ်။

အခြွေအရံတွေကလည်း အမြတ်တနိုးပစ္စည်းဖြစ်ပြီးတော့ ရွာစားကြီးကို အသုံးပြုစေချင်ပါတယ်။

ဒါကြောင့် ရှာစားကြီးဟာ တစ်ခါမှ မသုံးဖူးတဲ့ အဲဒီ ပစ္စည်းကို အထူးအဆန်းအဖြစ်နဲ့ပဲ အမှတ်ရှိခဲ့ပါတယ်။

ရှာစားကြီးဟာ တစ်ခါမှ မသုံးဘူးတဲ့ အဲဒီပစ္စည်းကို အထူး အဆန်းအဖြစ်နဲ့ မှတ်ထင်မှုရှိခဲ့ပါတယ်။

စားပွဲထိုးသူတွေကိုလည်း မမေးမိတာကြောင့် စားရမှာ လား၊ မစားရဘူးလား စဉ်းစားမရ ဖြစ်နေကြပါတယ်။

စားကောင်းတဲ့အရာ၊ ဆေးကြောတိုက်ချွတ်ဖွယ်အရာ ရယ်လို့ ခွဲခြားပြီး မသိပါဘူး။

အဲဒီလို ကြိုတင်အသိပေးတာမျိုးလည်း မရှိပါဘူး။ ဒါကြောင့် ရှာစားကြီးမှာ ဇဝေဇဝါ ဖြစ်လို့ပဲနေပါတော့တယ်။

ဒါနဲ့ပတ်သက်ပြီး စားတော်ခေါ်ပြီးတော့ စားချင်တဲ့ ဆန္ဒ အာသာဖြစ်ပြီးတော့ ရှိနေပါတော့တယ်။

အဲသလို တပ်မက်နေတဲ့အလျောက် စားနေကျအစာ အာဟာရကို အရေးမထားတော့ပဲနဲ့ ထူးဆန်းတဲ့ ဆပ်ပြာမွှေးကိုပဲ အဦးဆုံး ကောက်ယူခဲ့ပါတယ်။

အဲဒီနောက် မဆိုင်းမငံ့ပဲနဲ့ တစ်လုပ်တဖွဲ့ယူပြီးတော့ ပလုတ်ပလောင်းနဲ့ ဝါးမျိုစားသောက်ပစ်လိုက်ပါတယ်။

အဲဒီအခါမှာ ငန်သက်သတ် ငန်ပျပျအရသာကို ခံစား လိုက်ရပါတယ်။

ရှာစားကြီးက အရာသာမကောင်းမှန်းသိရတော့ -

" ငါစားမိတာ မှားခဲ့ပြီ "လို့ အောက်မေ့လိုက်မိပါတယ်။

ဒါပေမဲ့ မိမိရဲ့အမှားကို သူများကို မသိစေလိုပါဘူး။ ဒီလိုနဲ့ သိရှိခဲ့ရင် အောက်ကျသွားမယ်စိုးရိမ်ပါတယ်။

ဒါကြောင့် အန်ပစ်တာ ထွေးထုတ်တာ မပြုရဲဘဲနဲ့ ကြိတ်မှိတ်ပြီးတော့ မျိုချခဲ့ရပါတော့တယ်။

အဲဒီနောက် ဟာန်မပျက်စေဘဲ ဣန္ဒြေဆောင်ပြီးတော့ စားတော်ခေါ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့မှာ လျှာ အာ ပါးစပ်တွေက ထုံကျဉ်ကျဉ်ရှိလှပါတယ်။ ဒါကြောင့် ပလုတ်ကျင်းပြီး ရေသောက်ရပါတယ်။

အဲဒီအခါမှာ ဆပ်ပြာမြှုပ်တွေထွက်ပြီးတော့ ဖုံးမတိမ်သကဲ့သို့ ဖြစ်ခဲ့ရပါတော့တယ်။

ဒါကြောင့် ရှာစားကြီးမှာ မိမိရဲ့အမှားကို ရှက်ကိုးရှက်ကန်းဖြစ်ပြီးတော့ -

" ဒီဟာင်းကတော့ ကောင်းတော့မကောင်းလှဘူး၊ ဒါပေမဲ့ မင်းသုံးမင်းဆောင်ဖြစ်လို့သာ စားရတာဖြစ်ပါတယ်၊ အရသာက ငန်ဗျာသလဲနိုင်လှတယ် " ရယ်လို ဆိုလိုက်ပါတယ်။

ဥပဒေသမှာ . . .

စိတ်ခါတ်ရင့်ကျက်လေလေ
ကိုယ့်အားနည်းချက်ကို
ဝန်ခံရမှာ မကြောက်လေလေပဲ။

**ဆရာတော်ဦးဇောတိက**
(မဟာမြိုင်တောရ)

ooo

# ၁၂။ မေတ္တာရောင်ပြန်

(ရခိုင်ပုံပြင်)

လူမွဲထင်းခွေသမားနှစ်ယောက်အကြောင်းပဲ ဖြစ်ပါတယ်။

တစ်ရံရောအခါကဖြစ်ပါတယ်။

ထင်းခွေစားတဲ့ ဆင်းရဲသားနှစ်ယောက်ရှိကြပါတယ်။

သူတို့ဟာ ထင်းခွေရောင်းချလို့ရမှပဲ ထမင်းကို နပ်မှန်အောင် စားကြရသူတွေဖြစ်ပါတယ်။

ဒါကြောင့် နေ့စဉ် နေ့တိုင်း ထင်းခွေကြရပါတယ်။

တစ်နေ့မှာတော့ ထင်းခွေသွားဖို့ အိမ်က ထွက်ခဲ့ကြပါတယ်။

တစ်ယောက်က -

" အဆွေ အလျင်သွားရင်သွား၊ ကျုပ် နောက်က လိုက်ခဲ့ပါ့မယ်." လို့ ပြောပါတယ်။ အဲဒီအခါမှာ ထိုသူဟာ တစ်ယောက်တည်း ခွဲခွဲပြီး သွားခဲ့ပါတယ်။

လမ်းမှာ ညောင်ပင်တစ်ပင်ကို တွေ့လိုက်ရတယ်။ အဲဒီညောင်ပင်မှာ သရက်ကိုင်းတစ်ကိုင်းက ခြောက်လို့နေနေပါတယ်။

ဒါကြောင့် အဲဒီအကိုင်းမှာ ထင်းအဖြစ်ခုတ်ဖြတ်ဖို့ရာ သူလုပ်ပါတယ်။

အဲဒီအခါမှာ သစ်ပင်စောင့်နတ်ထွက်ပေါ်လို့ လာခဲ့ပါတယ်။

" အသင် လူသား၊ ငါ့အကိုင်းကို ဘယ်လိုခုတ်ဖြတ်ပါ့မလဲ " အဲသလို ပြောဆိုလိုက်ပါတယ်။

ဒီတော့ ထင်းခုတ်သမားက -

" ထင်းအဖြစ် အသုံးပြုဖို့ ခုတ်ဖြတ်လိုရတာပါ "

အဲသလို ပြန်ပြောလိုက်ပါတယ်။

အဲဒီမှာ အဲဒီထင်းက ပြောလာပါတယ်။

" အဲသလိုဆို ငါလိုက်ခဲ့မယ်၊ ငါရဲ့အကိုင်းကို မခုတ်ပါနဲ့ " အဲသလိုပြောပြီးတော့ -

ညောင်ပင်စောင့်နတ်ဟာ ထင်းခုတ်သမားနောက်က လိုက်ခဲ့ပါတော့တယ်။

အဲသလိုနဲ့ ထင်းခွေသမားဟာ ဇနီးဖြစ်သူကို အကြောင်းစုံ ပြောပြလိုက်ပါတယ်။

အဲဒီမှာ ဇနီးသည်က -

" ရှင် ထင်းမခုတ်ခဲ့ရဘူးလား၊ အာဂန္တုတစ်ယောက်ကလည်း အိမ်အထိပါလာသေးတယ်၊ ဘယ်နှယ့်လုပ်ကြမလဲ "

ဇနီးသည်က ပြောဆိုညည်းတွားနေလိုက်ပါတော့တယ်။ အဲဒီနောက်တော့ အိမ်မှာပိုချန်ရှိသမျှဆန်ကလေးကို ချက်ပြုတ်ပြီးတော့ ဇည့်ခံကျွေးမွေးခဲ့ပါတယ်၊

ညောင်စောင့်နတ်သားလည်း ညဥ့်အခါမှာ ခြေရင်းမှာ ရွှေတစ်ပုံချပေးခဲ့ပြီးတော့ ကွယ်ပျောက်သွားခဲ့ပါတယ်။

ညောင်ပင်စောင့်နတ် ကွယ်ပျောက်သွားခဲ့ပါတယ်။ ဒါပေမဲ့ ရွှေငွေရလိုက်တာကြောင့် ဝမ်းသာအားရတော့ ဖြစ်ကြရပါတယ်။

ကျေးဇူးစကားဆိုချင်ပေမယ့် ဘယ်ဆီဘယ်ဝယ် သွားခဲ့လေပြီမသိလေတော့ -

" ကျေးဇူးပဲ မိတ်ဆွေကြီးရယ် "

အဲဒီလိုနဲ့ ထင်းခွေသမားဟာ နေ့ချင်း ညချင်း ချမ်းသာလို့လာခဲ့ပါတော့တယ်။

အဲဒီလူရဲ့အဖြစ်ကို သူ့အဖော်မိတ်ဆွေက မြင်တွေ့ အကဲခတ်မိသွားပါတယ်။

ဒါကြောင့် -

" မိတ်ဆွေက လူချမ်းသာဖြစ်ခဲ့ချေပြီ "

ဝမ်းသာအားရဆိုလာပါတယ်။ ဒါနဲ့မပြီးသေး -

" ဒါနဲ့ ပြောစမ်းပါဦး "

" ဘာကိုလဲဗျ "

" မိတ်ဆွေ ဘယ်လိုလုပ်ချမ်းသာသလဲဆိုတာကိုပါ "

မေးမြန်းစုံစမ်းပြန်ပါတယ်။

အဲဒီအခါမှာ ထိုသူက ရိုးရိုးသားသားပဲ ပြန်ပြောခဲ့ပါတယ်။ သူခုတ်ဖြတ်ဖို့ရာပြုလုပ်ခဲ့တဲ့ ညောင်ပင်ကို ညွှန်ပြပြောဆိုလိုက်ပါတယ်။

ထိုသူဟာ မိတ်ဆွေပြောလိုက်တဲ့ အကိုင်းကို ခုတ်ဖြတ်ဖို့ရာ သွားပါတယ်။

သူ ခုတ်မယ်လုပ်တော့ -

ညောင်ပင်စောင့်နတ်က ထွက်ပေါ်လာတယ်။ ပြီးမှ မေးမြန်းလိုက်ပါတယ်။

၎င်းကလည်း ထင်းလိုတာပြောပြခဲ့ပြန်တော့ မခုတ်ဖို့ရာ တောင်းပန် ပြန်ပါတယ်။

“ ငါလဲ သင့်နောက်ပါးက ငါ လိုက်ကူညီပါ့မယ် ”

အဲသလိုပြောဆိုလိုက်ပါတယ်။

အဲသလိုနဲ့ အတူတကွ ထွက်လာခဲ့ကြပါတယ်။ အိမ်ကိုရောက်တော့ ဇနီးဖြစ်သူက ထင်းမရခဲ့တာကြောင့် ဆူဆူပူပူ လုပ်ပါတယ်။

ထမင်းလည်းမကျွေးပဲ အငတ်နေစေကာ အိပ်ပျော်စေခဲ့ပါတယ်။

ညောင်ပင်စောင့်နတ်ဟာ အဲဒီလင်မယားနှစ်ယောက်ကြားမှာ ညဥ့်အခါမှာ ကွယ်ပျောက်လို့ သွားခဲ့ပါတယ်။

နံနက်မိုးလင်းတဲ့အခါမှာတော့ လင်းမယားနှစ်ယောက်တို့မှာ မိပ်ရာက ထလို့လာခဲ့ကြပါတယ်။

အဲဒီအခါမှာ ခင်ပွန်းဖြစ်သူက ရွှေတွေကိုမြင်ရတာကြောင့် ဝမ်းသာအားရရှိလှပါတယ်။

ဇနီးဖြစ်သူက ကြည့်တော့ရာ မစင်ချေးတွေကိုပဲ မြင်ခဲ့ရပါတယ်။

သူတို့ဟာ ကံတူအကျိုးပေးမရှိခဲ့ကြတာကြောင့် အချင်းချင်းလဲ ကွဲခဲ့ကြပါတယ်။

အဲဒီအခါမှာတော့ ယောက်ျားဖြစ်သူကပဲ အဲဒီရွှေတွေကိုပိုင်ဆိုင်စွာ သုံးစွဲခဲ့ရပါတော့တယ်။

ခင်ပွန်းသည်မှာ နေ့ချင်းညချင်းချမ်းသာလို့ သွားခဲ့ပါတော့တယ်။

**ဥပဒေသမှာ . . .**

" မေတ္တာဆိုတာ အသွားအပြန်ရှိတတ်ကြတယ်ဆိုတာပါ၊ ကိုယ့်စိတ်ထားမြင့်လာတာဟာ လောကကြီးမြင့်လာတာလို့ ဆိုနိုင်တယ်၊ လောကကြီးကိုပါ ကောင်းလာစေချင်ရင် ကိုယ့်ကိုကိုယ်ပိုပြီး စိတ်ထားမြင့်မြတ်တဲ့သူဖြစ်အောင် ကြိုးစားရမယ် "

ဆရာတော်ဦးဇောတိက
(မဟာမြိုင်တောရ)

ooo

## ၁၃။ ဉာဏ်ရည်ပြိုင်ပွဲအနိုင်နွဲ့
(ရခိုင်ပုံပြင်)

တစ်ရံရောအခါကပဲဖြစ်ပါတယ်။

ပညာရှိတဲ့မင်းတစ်ပါးအကြောင်းပဲဖြစ်ပါတယ်။

အဘိရာဇာမည်တဲ့ မင်းတစ်ပါးရှိပါတယ်။ အဲဒီမင်းဟာ သာကီဝင်မင်းမျိုးမင်းနွယ်ပဲဖြစ်ပါတယ်။

မဇ္ဈိမဒေသက စစ်ရေးအရ ဗိုလ်ပါအလုံးအရင်းနဲ့ ထွက်ခွာလို့လာခဲ့ပါတယ်။

တကောင်းသင်းတွဲပြည်ကို တည်ထောင်ပြီးတော့ စိုးစံအုပ်ချုပ်ပြီး နေနေခဲ့ပါတယ်။

အဲဒီမင်းဟာ သားတော်နှစ်ပါး ဖြစ်ထွန်းခဲ့ပါတယ်။

ကံရာဇာကြီးနဲ့ ကံရာဇာငယ်ဆိုတာရှိပါတယ်။ ခမည်းတော်မင်း နတ်ရွာစံလေတော့ အဲဒီမင်းသားနှစ်ပါးတို့ ကျန်ရစ်ခဲ့ကြပါတယ်။

အဲဒီမင်းသားတို့ဟာ ဖခမည်းတော်ရဲ့ စည်းစိမ်ကို ဆက်ဖို့ ရာအတွက် ရန်ပွားခဲ့ကြရပါတယ်။

" အဲဒီရာထူး ငါပဲရထိုက်တယ် "

တစ်ယောက်ကဆိုတော့ တစ်ယောက်ကလည်း အားကျမခံ -

" မဟုတ်ဘူး၊ ငါပဲ ရထိုက်တယ် "

ဘေးဘန်းကလည်း တစ်ယောက်တစ်မျိုးစီနဲ့ပါပဲ။

" ကျုပ်ကတော့ ဟိုတစ်ယောက်ရသင့်တယ် "

" အို မဟုတ်ဘူး၊ ဒီတစ်ယောက်ရသင့်တယ် "

လူဆိုတာ စိတ်တော့ရှုည်ရတယ်။ ဆန္ဒာကတိကင်းတော့ ဖြေရှင်းရ နားလည်ပေးရတာ ပိုကောင်းတယ်မဟုတ်လား။

အဲသလို မသင့်မတင့်ရှိကြလေတော့ -

အသင်းအပင်းတို့က နှစ်ဖွဲ့ကွဲကြရတယ်။

သူ့ဘက်ကိုယ့်ဘက် အချင်းချင်း အလုအယက်ဖြစ်ကြတယ်။

ဒါထက်မက အသက်ကို ရန်ရှာဖို့ထိ ကြံစည်ကြတယ်။ အဲဒီအခါမှာ ပညာရှိတို့ဟာ စိုးရိမ်မှုကို အကြီးအကျယ်ဖြစ်ကြပါတော့တယ်။

" ရန်မဖြစ်ကြပါနဲ့ "

" ပြေငြိမ်းကြပါ "

" အားလုံးနာကုန်ပါ့မယ် "

“ ဝိုင်းဝန်းထိမ်းသိမ်းပေးကြပါ ”

“ အားလုံး ခက်ကုန်ပါလိမ့်မယ် ”

နောက်ဆုံးမှာတော့ -

မင်းသားနှစ်ပါးတို့ကိုပါ တောင်းပန်ကြပါတယ်။

“ အရှင့်သားတို့ နန်းလုခြင်းနဲ့ စစ်မက်ကိုပြုရင်တော့ ...ည်သူတို့ ဆုံးရှုံးပျက်စီးမှုသာ ဖြစ်ကြရာတယ် ”

တစ်ဦးကလျှောက်တော့ -

နောက်တစ်ယောက်ကလည်း -

“ မှန်ပါတယ် အရှင်၊ ဒါကြောင့် အရှင်နှစ်ပါးတို့ဟာ ...ကုသိုလ်စစ်ပြုပြီးတော့ အောင်မြင်သူက မင်းပြုတော်မူကြပါ ”

အကြံပြုလျှောက်တင်လိုက်ကြပါတယ်။

အဲဒီအခါမှာတော့ မင်းသားတို့က -

“ အသို့လျှင် ကုသိုလ်စစ်ပြုရအံ့နည်း ” လို့ မေးကြပါ ...တယ်။

အဲဒီအခါမှာတော့ -

“ အရှင့်သားနှစ်ပါးတို့ဟာ အလှူကြီးပေးကြပါကုန် ”

“ အလှူကြီးအတွက် တစ်ယောက် တစ်ဆောင်ကျစီ ...မဏ္ဍပ်ကြီးလုပ်တော်မူပါ၊ တစ်ညဥ့်တွင်းပြီးနိုင်တဲ့သူဟာ မင်းစည်း ...စိမ်ကို ယူတော်မူပါ ” လို့ ပြောဆိုတင်ပြလိုက်ကြပါတယ်။

အဲဒီအကြံအစည်တင်ပြချက်ဟာ အောင်မြင်ခဲ့ပါတယ်။

...ခိုက်ရန်ပြိုင်ပွဲက ပညာပြိုင်ပွဲကို ရောက်ခဲ့ရပြီမဟုတ်ပါလား။

အားလုံး ဖြေသာနှစ်သိမ့်သွားခဲ့ကြပါတယ်။ ခုတော့ အဲဒီအစီအစဉ်ကို မင်းသားနှစ်ပါးဟာလည်း လက်ခံလိုက်ကြ ရပါတယ်။

အဲဒီနောက် တောင်တစ်လုံးကို မဏ္ဍပ်တစ်ဆောင်စီ ဆောက်လုပ်ကြပါတယ်။

မင်းသားအကြီးကတော့ ပညာနဲ့မဆင်ခြင်ပဲ ကြီးကြီး မားမားသစ်တွေနဲ့ ဆောက်လုပ်စေပါတယ်။

ဒါကြောင့် ညဉ့်တွင်းချင်းမပြီးစီးဘဲ ရှိခဲ့ပါတယ်။ မင်းသား ငယ်ကတော့ သိမ့်မွေ့နက်နဲတဲ့ပညာနဲ့ အမြန်ပြီးစီးနိုင်ဖို့ရာ ဆောက်လုပ်ခဲ့ပါတယ်။

ဒါကြောင့် ပြီးတော့အပေါ်မှာ ပုဆိုးလွှမ်းပြီးတော့ ထုံးဖြူး ထားလိုက်ပါတယ်။

နံနက်မိုးလင်းတော့ မင်းသားငယ်ရဲ့မဏ္ဍပ်မှာ ဖွေးဖွေး ဖြူပြီးတော့ ပြီးနေတာတွေ့မြင်လိုက်ရပါတယ်။

အဲဒီအခါမှာတော့ နောင်တော်ဖြစ်သူက

" ငါ့ညီဟာ ဘုန်းပညာနဲ့ပြည့်စုံလှတယ် "

အဲသလို ပြောဆိုပြီးတော့ သူ့အရှုံးကို ကျေနပ်လက်ခံ သွားခဲ့ပါတယ်။

ဒါကြောင့် ညီငယ်က အနိုင်ရပြီးတော့ ထီးနန်းကို ဆက်ခံ အုပ်နှံခဲ့ရပါတယ်။

နောင်တော်ဖြစ်သူမှာတော့ မိမိရဲ့ ရဲမက်ဗိုလ်ပါတို့နဲ့အတူ
အဲဒီနေရာက ထွက်ခွာလို့လာခဲ့ပါတယ်။

အဲဒီအခါမှာတော့ ပြည်သူပြည်သားတွေဟာ ရန်
အပေါင်းက ကင်းဝေးပြီးတော့ အေးချမ်းသာယာလို့ သွားခဲ့ကြ
ပါတော့တယ်ဆိုတာပါပဲ။

**ဥပဒေသမှာ . . .**

အမှားကိုဝန်ခံ အမှန်ကိုဆက်လုပ် ဆိုတာပါပဲ။ အများ
အဆုံးအဖြတ်ကို ခံယူလုပ်ဆောင် ဆိုတာပါပဲ။

**(ရခိုင်ရှေးထုံးရာဇဝင်)မှ**

၀၀၀

## ၁၄။ နိမ့်ပါးတဲ့အခါညာတာပါ

လူချမ်းသာနဲ့ ဆင်းရဲသားတို့ရဲ့ ဇာတ်လမ်းပဲဖြစ်ပါတယ်။ တစ်ရံရောအခါကဖြစ်ပါတယ်။

တစ်ချိန်သောအခါက ဖြစ်ပါတယ်။ နိုင်ငံကြီးတစ်ခုမှာ ခေါင်းဆောင်ကြီးတစ်ဦးက အုပ်စိုးလို့နေပါတယ်။ အဲဒီတိုင်းပြည်မှာ မြေဩဇာက သိပ်မကောင်းလှတာကြောင့် လယ်ယာသစ်တောတွေဟာ သိပ်မဖြစ်ထွန်းလှတာကြောင့် လယ်ယာသစ်တောတွေဟာ မစီးပွားဘဲပျက်စီးမှုတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

အဲဒီလိုဖြစ်ရတာ အလွန်ကြီးမားလှတဲ့ မိချောင်းကြီးနှစ်ကောင်က ရေမစီးနိုင်အောင်နဲ့ သောင်ထွန်းအောင် ပြုလုပ်ထားတာကြောင့်ပဲဖြစ်တယ်ဆိုပါတယ်။

ဒါကို ခေါင်းဆောင်ကြီးသိတော့ သူ့အောက်က လက်ထောက်နှစ်ယောက်ကို မိချောင်းနှစ်ကောင်ဆီ လွှတ်လိုက်ပါတယ်။ ပြီးတော့ မြစ်ရေတွေစီးဆင်းမှုမှန်ကန်ဖို့ ရွှံ့နွံတွေကို ပါဖယ်ပေးဖို့ရာ ပြောလိုက်ပါတယ်။

အဲဒီအခါမှာတော့ မိချောင်းကြီးနှစ်ကောင်က -

" ကျုပ်တို့စားဖို့ တစ်နှစ်မှာ လူတစ်ယောက်စီလာပေးပါ၊ မိမိတို့က မနှောင့်ယှက်တော့ပါဘူး " ပြောဆို ကတိပေးလိုက်ပါတယ်။

အဲဒီအချိန်အခါကစပြီးတော့ ခေါင်းဆောင်ကြီးဟာ တစ်နှစ်မှာ လူတစ်ယောက်ကျ လူသားကို မိချောင်းဆီပို့ရပါတော့တယ်။ အဲဒီလိုနဲ့ လူတွေအများကြီးပို့ပေးခဲ့ရတယ်။ နှစ်တွေလည်းရှည်ကြာခဲ့ကြပါတယ်။

ဒီနှစ်မှာတော့ ခေါင်းဆောင်ကြီးရဲ့သားငယ် ခေါင်းဆောင်ငယ်အလှည့် ရောက်လို့လာခဲ့ပါတယ်။

ခေါင်းဆောင်ကြီးဟာ သူ့ရဲ့သားငယ်ကို မသွားစေချင်ပါဘူး။ ဒါကြောင့် တားမြစ်ပါတယ်။ သားတော်က နိုင်ငံအတွက်သာဖြစ်လို့ အများအတွက် သွားရမယ်ပြောပါတယ်။ ပြီးတော့ ထွက်လာခဲ့ပါတယ်။

သားငယ်ဟာ လမ်းခရီးမှာ သူငယ်စဉ်က ကစားအဖော်ဖြစ်ခဲ့တဲ့ သူ့သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ရခဲ့ပါတယ်။

အဲဒီလူမှာ နွမ်းပါးပြီးတော့ ချို့ငဲ့သူပဲဖြစ်တယ်။ သူများပေးကမ်းမှ စားရသူလဲဖြစ်တယ်။ ထိုသူဟာ ခေါင်းဆောင်ကြီးရဲ့သားငယ်သူ့မိတ်ဆွေနဲ့ တွေ့ရတဲ့အခါ သိပ်ကိုဝမ်းသာသွားပါတယ်။ ထိုအခါမှာ ခေါင်းဆောင်ငယ်က -

" သူငယ်ချင်း ငါ့ကို နောက်ဆိုတွေ့ရ တော့မှာမဟုတ်ဘူး၊ မိချောင်းကြီးတစ်ကောင်ဆီကို အစားခံသွားဖို့ ငါထွက်ခဲ့တာပါ" လို့ ပြောပြပါတယ်။

လူနွမ်းပါးလည်း -

" သူငယ်ချင်း မင်းနဲ့ငါ မခွဲချင်ပါဘူး၊ သေလိုကလဲ သေပါစေ၊ ငါပါ တစ်ခါတည်းလိုက်ခဲ့မယ်ကွာ " ပြောဆိုပြီးတော့ ဖွတ်တရွတ်လိုက်ခဲ့ပါတော့တယ်။

သူငယ်ချင်းနှစ်ဦးဟာ မိချောင်းကြီးနှစ်ကောင် ပိတ်ထားတဲ့ ရွံ့နွံတွေရှိရာ ရောက်ခဲ့ကြပါတယ်။

ခေါင်းဆောင်ကြီးရဲ့သားဟာလည်း ရွံ့နွံတွေရဲ့အောက်မှာ ရှိနေကြတဲ့ မိချောင်းကြီးနှစ်ကောင်ရဲ့ စကားပြောနေသံကို ကြားရပါတယ်။ သူဟာလည်း မာဂဓဘာသာစကား နားလည်တာကြောင့် နားစိုက်ထောင်လိုက်တော့ရာ မိချောင်းတစ်ကောင်က -

"အခု ငါတို့ဆီကို ခေါင်းဆောင်ကြီးသားငယ် ရောက်လာလိမ့်မယ်၊ တကယ်လို့ သူက ငါတို့ကိုသတ်ပြီး စားလိုက်ရင် သူ့ပါးစပ်က ရတနာတွေထွက်ကျနေတော့မှာပဲ၊ ငါတို့အကြောင်းကို သူမသိရင် ကောင်းမယ်ကွ " လို့ပြောပါတယ်။ ဒီတော့ နောက်တစ်ကောင်က -

" ဟုတ်တာပေါ့၊ သူဟာ ငါတို့ကိုကြောက်လို့နေတာပဲ၊ အဲဒါပဲကောင်းပါတယ် "

အဲဒီခဏမှာပဲ ခေါင်းဆောင်ငယ်ဟာ သူရဲ့သူငယ်ချင်းကို ပြောပြပြီးတော့ မိချောင်းကြီးနှစ်ကောင်ကို ဓားနဲ့ခုတ်သတ်လိုက်တယ်။ ပြီး အသားကို အတူစားကြတယ်။ စားပြီးတာနဲ့ တပြိုင်နက် သူတို့စကားပြောကြတော့ ပါးစပ်က ရွှေစင်တွေ ထွက်ကျလို့လာခဲ့ပါတယ်။ အဲဒီအခါမှာ ခေါင်းဆောင်ငယ်က -

" ကဲ မိချောင်းကြီးတွေလည်းသေပြီ၊ နိုင်ငံမှာလည်း အန္တရာယ်ကင်းပြီး တို့လဲ ကြီးပွားချမ်းသာရတော့မှာပဲ၊ တို့နှစ်ယောက်လဲ ကမ္ဘာကြီးအနှံ့ လျှောက်လည်သွားလာကြပါစို့ရဲ့ " လို့ပြောပြီး ထွက်ခွာလာခဲ့ကြပါတယ်။

မကြာခင်မှာ မြို့တစ်မြို့ကို ရောက်ခဲ့ပါတယ်။ အဲဒီမြို့မှာတော့ သိပ်ကိုပင်ပန်းလာတာကြောင့် ခေါင်းဆောင်ငယ်နဲ့ လူရွှင်ပါးတို့ဟာ ဆာလောင်လှတာကြောင့် စားသောက်ဆိုင်တစ်ဆိုင်ဆီ ဝင်ခဲ့ကြပါတယ်။ စားစရာ မှာယူစားသောက်လိုက်ကြပါတယ်။ စားသောက်ဆိုင်ကို မိန်းမကြီးတစ်ဦးနဲ့ သမီးတို့က ပိုင်ဆိုင်တာပဲဖြစ်ပါတယ်။

သူတို့ ဆိုင်တွင်းထဲဝင်မယ်လုပ်တော့ မိန်းမကြီးက -

" နင်တို့ စားစရာဝယ်ဖို့ ပိုက်ဆံပါရဲ့လားကွဲ့ " လို့ ဆီးမေးလာပါတယ်။

ခေါင်းဆောင်ငယ်ကလည်း သူ့ပိုက်ဆံအိတ်ထဲက ရွှေငွေစတွေကို ဆွဲယူထုတ်ပြပြီးတော့ ပေးလိုက်ပါတယ်။

ဆိုင်ရှင်မိန်းမကြီးကလည်း သူတို့နှစ်ယောက်ကို အစားအသောက်တွေ ပြင်ဆင်ပြီး ကျွေးမွေးပါတယ်။

မိန်းမကြီးက ခေါင်းဆောင်ငယ်ထံက သူလိုချင်တာ ရတာကြောင့် နောက်ထပ်ရယူလိုတဲ့ လောဘစိတ် ပြင်းထန်လာပါတော့တယ်။ ဒါကြောင့် အစားအသောက်ထဲမှာ အရက်ပါ ရောထည့်တိုက်ပြီးတော့ အိပ်ပျော်စေပါတယ်။

အဲဒီလိုအိပ်ပျော်သွားကြတဲ့အခါ ခေါင်းဆောင်ငယ်ရဲ့အိတ်ထဲမှာ ပါလာတဲ့ အသပြာစတွေကို ထုတ်ယူပြီးတော့ ခေါင်းဆောင်ငယ်နဲ့ လူနွမ်းပါးကိုတော့ ဆိုင်ရဲ့အပြင်ဘက် မိုးရွာထဲဆွဲထုတ်ထားလိုက်ကြပါတယ်။

အဲဒီလိုနဲ့ သူတို့အိပ်ပျော်ရာက နိုးထလာကြတဲ့အခါကိုယ်လက်တွေဟာ အေးစက်တောင့်တင်းနေကြပါတယ်။ အဲဒီနောက်မှာတော့ သူတို့ရှေ့သို့ ခရီးဆက်သွားကြပြန်တဲ့အခါ တောတစ်တောသို့ ရောက်ခဲ့ကြပါတယ်။

အဲဒီတောထဲမှာတော့ လူနှစ်ယောက်တို့ဟာ ဦးထုပ်တစ်လုံးကိုလုပြီး ရန်ဖြစ်နေကြတာ တွေ့လိုက်ရပါတယ်။

အဲဒီမှာ ခေါင်းဆောင်ငယ်ဟာ သူတို့အနီးသွားပြီးတော့

" ဟေ့ ခင်ဗျားတို့ ဦးထုပ်ကို ဘာ့ကြောင့် လုနေကြရတာလဲ " မေးလိုက်ပါတယ်။

ဒီတော့ တစ်ယောက်က -

" အဲဒီဦးထုပ်ကို ဆောင်းလိုက်ရင် ကိုယ်ဖျောက်နိုင်တယ်၊ ဒီတောထဲမှာ ကျူပ် ကောက်ရထားတာ၊ အဲဒါ သူက လုနေလို့ပါ" လို့ ပြောလိုက်ပါတယ်။ ဒီတော့ နောက်တစ်ယောက်က -

" သူက အရင်ကောက်ရတာပါ " ပြောပါတယ်။ အဲဒီ အခါမှာတော့ ခေါင်းဆောင်ငယ်က -

" ကဲ ဒါဖြင့် ဒီလိုလုပ်၊ ဟောဟိုသစ်ပင်ကြီးကို လွန်အောင် ပြေးကြပါ၊ ပြီးရင် ဦးထုပ်ဆီ ပြန်ပြေးခဲ့ကြပါ၊ အရင်ရောက်တဲ့ လူက ယူပေတော့ပေါ့ဗျာ " အကြံပေး စီစဉ်ပေးလိုက်ပါတယ်။

ထိုသူနှစ်ယောက်ဟာလည်း ခေါင်းဆောင်ငယ်ပြောတဲ့ အတိုင်း သူ့ဦးထုပ်ကိုထားခဲ့ပြီးတော့ သစ်ပင်ဆီအပြေးပြိုင်ကြပါ တယ်။ အဲဒီအခိုက်မှာပဲ ခေါင်းဆောင်ငယ်လည်း သစ်ပင်ဆီသို့ အပြေးဝင်လိုက်ပါတယ်။ ပြီး ခေါင်းဆောင်ငယ်ဟာ ဦးထုပ်ကို ကောက်ယူပြီးတော့ ဆောင်းလိုက်ပါတယ်။ သူဟာ ကိုယ်ရောင် ပျောက်လို့သွားခဲ့ပါတယ်။ ပြေးသူနှစ်ယောက်တို့ သစ်ပင်ကို ကျော် လွန်သွားတဲ့အခါ ခေါင်းဆောင်ငယ်နဲ့ ဦးထုပ်ကို မတွေ့ရတော့ ပါဘူး။

ခေါင်းဆောင်ငယ်နဲ့ လူနွမ်းပါးတို့ဟာ အဲဒီတောအဆုံး ဆီကို ရောက်လာခဲ့ကြပါတယ်။ အဲဒီမှာ သူတို့ဟာ လူတစ်စု ရုတ်ရုတ်သဲသဲ ဖြစ်နေတာတွေ့လိုက်ရပြန်ပါတယ်။

ဒီတော့ ခေါင်းဆောင်ငယ်က ထိုသူတွေကို -

" ခင်ဗျားတို့ ဘာ့ကြောင့်ရန်ဖြစ်နေကြတာလဲဗျ " မေးပြန်တယ်။ လူတစ်ယောက်က အလွန်ကြီးမားတဲ့ခြေနင်းတစ်ခုကို ကိုင်လျက်နဲ့ပဲ -

" ဟောဒီခြေနင်းကို စီးလိုက်ရင် ကိုယ်ရောက်ချင်တဲ့ဆီ ချက်ချင်းရောက်နိုင်ပါတယ် " လို့ ပြန်ပြောလိုက်ပါတယ်။

အဲဒီအခါမှာ ခေါင်းဆောင်ငယ်ဟာ -

" ကဲ ခင်ဗျားတို့ ဒီလိုလုပ်ကြ၊ ဟောဟိုမှာမြင်ရတဲ့ ရေကန်ဆီသို့ ပြေးသွားပြီး ခဲတစ်လုံးစီပစ်ထည့်ကြ၊ ပြီးရင် ပြန်လာခဲ့ကြ ဦးရာလူက ဒီခြေနင်းကို ယူတာပေါ့ဗျာ "

ပြောဆို စီစဉ်ပါတယ်။

လူတွေဟာ သူပြောတဲ့အတိုင်း ရေကန်ဆီသို့ ပြေးသွားခဲ့ကြပါတယ်။ အဲဒီအခိုက်မှာပဲ ခေါင်းဆောင်ငယ်ဟာ ချထားတဲ့ ခြေနင်းကြီးကို စီးလိုက်ပါတယ်။

မကြာမီမှာဘဲ သူလိုချင်တဲ့ခရီးရောက်ခဲ့တော့တယ်။

ခေါင်းဆောင်ငယ်နဲ့ လူနွမ်းပါးသူငယ်ချင်းတို့ဟာ သစ်ပင်ရိပ်တစ်ခုအောက်မှာ နားနေရင်းက -

" နိုင်ငံသစ်တစ်ခုကို ရောက်ချင်လိုက်တာ " လို့တောင့်တလိုက်တာနဲ့ ခဏချင်းမှေးပျော်လို့ သွားခဲ့ကြပါတယ်။

မှေးခနဲနေရာက နိုးထလာတဲ့အခါ သူတို့စိတ်ထဲကနိုင်ငံတစ်ခုကို ရောက်နေတာ တွေ့လိုက်ကြရပါတယ်။

အဲဒီနိုင်ငံမှာလည်း ဘုရင်လုပ်သူမရှိဘဲဖြစ်နေတယ်။ ဘုရင်ကို မျှော်လင့်နေကြသူတွေဖြစ်တယ်။

လူတွေဟာ မုန့်လုံးတစ်လုံးပြုလုပ်ပြီးတော့ လူတွေရဲ့ ခေါင်းပေါ်က ပစ်ချပါက မုန့်လုံးကျရာလူကို ဘုရင်အဖြစ် ရွေးကောက် တင်မြှောက်ရမှာဖြစ်ပါတယ်။

အဲဒီနေ့မှာ မုန့်လုံးပစ်ကြမယ့်နေ့ဖြစ်တာကြောင့် နိုင်ငံသူ နိုင်ငံသားတွေဟာ တက်ကြွလို့နေကြတာပဲဖြစ်ပါတယ်။

အဲဒီလိုနဲ့ မုန့်လုံးကို ပစ်လိုက်တဲ့အခါ ဘယ်သူ့ရဲ့ခေါင်းကို မထိဘဲ ခေါင်းဆောင်ငယ်နဲ့ လူနွမ်းပါးတို့အိပ်နေကြတဲ့ သစ်ပင် ထိပြီးတော့ ကပ်နေပါတယ်။

အဲဒီအခါမှာ လူအများက ငြိမ်ကျသွားကြပါတယ်။ အဲဒီ အခိုက်မှာပဲ လူတစ်ယောက်က -

" ကြည့်စမ်း လူတွေထဲက တစ်ယောက်ကိုမှ မထိဘူး၊ သစ်ပင်ကိုပဲ ထိသွားတယ်၊ အဲဒါဆို သစ်ပင်ကိုပဲ မင်းမြှောက် တော့မှာလားဟင် " လို့ အော်ပြောလိုက်ပါတယ်။

ဒါကြောင့် နောက်တစ်ယောက်က-

" ဟာ . . . သစ်ပင်နောက်မှာ လူရှိရင် ရှိနေမှာပေါ့၊ သွားရှာကြည့်ကြပါအုံး " လို့ပြောတာကြောင့် လူတွေဟာ သစ်ပင် နောက်သို့ သွားရှာကြပါတယ်။ ခေါင်းဆောင်ငယ်နဲ့ လူနွမ်းပါးတို့ ကို တွေ့မြင်လိုက်ကြရပါတယ်။ အဲဒီအခါမှာ လူတွေက ဘယ်သူ့

ကို မင်းမြှောက်ရမယ် မသိဖြစ်နေကြပါတယ်။ လူတွေထဲက အသံတစ်သံက ပေါ်လာတယ်။

" ကဲ ဒီနေ့ညတော့ အိပ်ကြပါဦး၊ နက်ဖြန်မနက် နေထွက်အောင်တော့ စောင့်ဆိုင်းကြပါ။ ငါတို့ကတော့ ဟောဟိုမှာ လှုပြီးတော့ ကျက်သရေရှိတဲ့ အဲဒီလူကို မင်းမြှောက်ရမှာပဲ " လို့ပြောပြီးတော့ အဲဒီညဥ့်မှာ သစ်ပင်အောက်မှာပဲ အားလုံး အိပ်ကြပါတယ်။

အဲဒီမှာ မနက်မိုးလင်းသွားတဲ့အခါ လူတွေအားလုံးထကြပြီးတော့ မတ်တတ်ရပ်ပြီး စောင့်ဆိုင်းနေကြပါတယ်။ အဲဒီအခါမှာ ပညာရှိသုခမိန်ကြီးတစ်ယောက်က ခေါင်းဆောင်ငယ်ကို ပြောပါတယ်။

" ခင်ဗျား ဘယ်လိုလူမျိုးဆိုတာ လူအများသိအောင် ပြောပြစမ်းပါ " လို့ ဆိုလာပါတယ်။

ခေါင်းဆောင်ငယ်လည်း လူများကို သူ့ရဲ့အကြောင်းကို ပြောပြရာမှာ ပါးစပ်က ရွှေစင္ငွေစတွေ ထွက်ကျလို့ ရှိနေပါတယ်။

အဲဒီအခြင်းအရာကို လူတွေကမြင်ကြတဲ့အခါမှ -

" ဟ . . . အဲဒါမှ တို့ရဲ့ ခေါင်းဆောင်အစစ်ပဲကွ၊ သူ့ကိုပဲ ဘုရင်မြှောက်ကြပါ " လို့ ဝိုင်းအော်ကြပါတယ်။

အဲဒီနောက် ခေါင်းဆောင်ငယ်က အဲဒီနိုင်ငံမှာ မင်းပြုပါတယ်။ သူ့ရဲ့ သူငယ်ချင်းကိုတော့ ပညာရှိအမတ်အဖြစ် ခန့်အပ်လိုက်ပါတယ်။

ဒါကြောင့် တစ်နေ့မှာတော့ ဆင်းရဲသားအသွင်နဲ့ ဟန်ဆောင်ပြီးတော့ အဲဒီဆိုင်အတွင်းသို့ သွားရောက်ခဲ့ပါတယ်။

ဆိုင်ရှင်မိန်းမကြီးနဲ့ သမီးဖြစ်သူကို တွေ့လိုက်ရပါတယ်။

အဲဒီအခါမှာ ပညာရှိဖြစ်တဲ့ အမတ်ကြီးက -

" ခင်ဗျားတို့ဆီမှာ ကျုပ်တို့ အရိပ်ခိုခဲ့ရတဲ့ကျေးဇူးအတွက် ဆုချမယ်လို့လာခဲ့တာပဲ၊ ရော့ ရွှေစင့်ငွေစတွေ " လို့ပြောပြီးတော့ မိန်းမကြီးကိုသုံးလေးစ၊ သမီးဖြစ်သူကို သုံးလေးစ ပေးလိုက်ပါ တယ်။

အဲဒီအခါမှာ လောဘကြီးတဲ့မိန်းမကြီးက -

" ရှင်ဒီဟာတွေ ဘယ်လိုရပါသလဲ " မေးလိုက်ပါတယ်။ ပညာရှိကြီးက -

" မခက်ပါဘူး၊ ဟောဒီက စက္ကူပေါ်မှာ လိမ့်လိုက်ရင် ရတနာတွေ ထွက်လာတာပဲ " ပြောပြီး စက္ကူတစ်ချပ်ပေါ်မှာ ဖြန့်ခင်းပြီးတော့ သူ့လက်နဲ့ လူးလှိမ့်ပြလိုက်ပါတယ်။

အဲဒီအခါမှာ သူ့ရဲ့အိတ်ထဲထည့်ထားတဲ့ ရွှေစတွေ ထွက်ကျလာပါတယ်။

" အဲဒီလိုလှိမ့်လို့ရတာပါ၊ ခင်ဗျားတို့လဲ လှိမ့်ချင်ရင်လှိမ့်ကြည့်ပါ " လို့ပြောပြီးတော့ မိန်းမကြီးဖြစ်သူနဲ့ သမီးတို့ဟာ စက္ကူပေါ်လှဲလိုက်ပြီးတော့ လှိမ့်လို့နေကြပါတယ်။

အဲဒီအခါမှာ သူတို့ကိုယ်က ငွေစက္ကူစတွေ ထွက်ကျလို့ မလာခဲ့ပါဘဲ လားနှစ်ကောင်ပဲဖြစ်သွားပါတယ်။ ပညာရှိအမတ်ကြီးက လားတစ်ကောင်ကိုစီးပြီး တစ်ကောင်ကို လက်ကဆွဲပြီးတော့ သူငယ်ချင်းဘုရင်အတွက် ဆွဲခေါ်လို့သွားခဲ့ပါတော့တယ်။

ဘဝမှာ လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် အထင်သေးတာ အထင်းကြီးတာ အကြောင်းမသိဘဲ မလုပ်ရပါဘူး။

ဘဝမှာ လူဆိုတာ လူချင်းတူပေမယ့် အသက်ရှုခြင်း အတိတ်ကံအကျိုးပေးခြင်း ကွာခြားလှတယ်ဆိုတာပါ။

" လူကို လူချင်းလေးစားပါ။ အထူးသဖြင့် နိမ့်ပါးနေသူပေါ်မှာ ညှာတာပါဆိုတာပါ "

**ပြီးပါပြီ။**
**ထွန်းအောင်ကျော်**
နံနက် (၁၀း၄၂)မိနစ်

၀၀၀